# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၄)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၅ ရက် ၊ ၂၃-၁၂-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို (ဒုတိယ)အကြိမ်အဖြစ် ၁၄ ရက် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၂၅ - ၁၂ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ၂၆ - ၁၂ - ၂၀၂၅ ရက်နေ့မှ ရွေးကောက်ပွဲကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့ မဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ သက်ဆိုင်ရာမဲရုံများတွင် လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲ အပိုင်း (၁) တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်မှအပ ကျန်မြို့နယ်များ [ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် (၅၆) မြို့နယ်မပါ] တွင် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၅ - ၁ - ၂၀၂၆ ရက်နေ့အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များ သိရှိမှတ်သားထားပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံ၌ မဲစာရင်းစိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဓလ



ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များကို တွေ့ရစဉ်။

## ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ပြည်တွင်းခရီးသွားဧည့်သည် လာရောက်မှု များပြား

ညောင်ဦး ဒီဇင်ဘာ ၂၂

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရားပုထိုး သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ထီးလိုမင်းလိုဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှဦးထံမှ သိရသည်။

စာမျက်နှာ ၃ သို့

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၂၃ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး

## ထူးခြားမှုအပေါင်း သရဖူဆောင်းသော ပြာသိုလ

လူတိုင်းသည် အေးမြမှုကို နှစ်သက်ကြသည်။ အေးမြစေဖို့လည်း ဖန်တီးကြသည်။ ဆောင်းရာသီသည် အေးမြခြောက်သွေ့မှုကြောင့် သွားလာလှုပ်ရှားရာတွင် အဆင်ပြေသည်။ ပွဲလမ်းသဘင်များ ကျင်းပကြသည်။

အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ကြသည်။ အေးချမ်းသာယာမှုသည် လူတိုင်းကို စိတ်ချမ်းသာမှုဖြစ်စေသည်ဟူသော အတွေးလည်း ဖြစ်ပေါ်စေသည်။

မြောက်လေအေးက ဆောင်းနှင်းဖွေးဖွေးများကို သယ်ဆောင်လာသည်။ သစ်ပင်ပန်းမန်များက နှင်းရည်သောက်ကာ လန်းဆန်းနေသည်။ ကောင်းကင်ယံတွင် နှင်းမြူများရစ်ဆိုင်းကာ လွမ်းစရာလည်း ကောင်းလှသည်။ မြက်ခင်းများသည်လည်း အညွန့်တလူလူနှင့် စိမ်းစိမ်းစိုစို သစ်လွင်နေသည်။ ဆောင်းရာသီ၏ အလယ်ပြာသိုလ၏ သရုပ်အမှန်များဖြစ်သည်။ မြေကိုမခင် ပင်မြင့်စံလိုသော သဇင်ပန်းများ နှင်းရည်သောက်ကာ ပွင့်ကြ၊ ဝေကြ၊ မွှေးနေ၊ ကြိုင်နေကြပြီဖြစ်သည်။ နှင်းကိုချစ်သော သဇင်ပန်းမှာ ပြာသိုလ၏ ရာသီပန်းတော့မဟုတ်ပါ။ ပြာသိုလ၏ ရာသီပန်းမှာ ခွာညိုပန်းသာဖြစ်သည်။ ပြာသိုလတွင် တောင်သူလယ်သမားများ ကောက်ရိတ်သိမ်းပြီးချိန်ဖြစ်သည်။ စပါးများရွှေရောင်အဆင်းနှင့် ဝင်းဝါလျက်ရှိသည်။ လယ်ယာမြေများတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ပွင့်ကြပြီး သီးကြ၊ ဝေဆာကြပြီး ခူးကြ၊ ဆွတ်ကြ၊ ရောင်းချကြပြီး တောင်သူလယ်သမားတို့အဖို့ ငွေရှာချိန်လည်းဖြစ်သည်။

လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းချိန် အလှူပွဲများမှာလည်း ခြိမ့်ခြိမ့်သဲနေသည်။ ကုသိုလ်ရေး လက်မနှေးသော မြန်မာများအတွက် အလှူပွဲများကျင်းပရန် အကောင်းအဆုံးလဖြစ်သည်။ ပြာသိုလသည် ပွဲလမ်းသဘင်များနှင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ထို့ပြင် ပြာသိုလ၏ အဓိပ္ပာယ်ကို ပညာရှင်များက အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပျားဖယောင်းစု၍ အရခံလဟု ဖွင့်ဆိုသူက ဖွင့်ကြသည်။ တချို့ပညာရှင်များက မီးဖိုမှပြာများကို မသွန်ကောင်းသောလဟုလည်းဆိုကြသည်။ တချို့ကမူ တခြားလများထက် ပို၍ အေးသောလဟု ရည်ညွှန်းကြသည်။ ပြာသိုလသည် သရဖူဆောင်းသောလပင်ဖြစ်သည်။

ပြာသိုလသည် ယခုမှသာ အားကစားလဟု သတ်မှတ်ခဲ့ခြင်း မဟုတ်ပါ။ ရှေးယခင်ကတည်းက အားကစားလဟု သတ်မှတ်ခဲ့ခြင်း ဖြစ်နိုင်သည်။ ပြာသိုလတွင် မြန်မာဘုရင်များကိုယ်တိုင် ဦးစီးကာ မြင်းခင်းသဘင်ပွဲတော်ကြီးကို ကျင်းပခဲ့ကြသည်။ မြင်းခင်းသဘင်ပွဲတော်မှာလည်း ကိုယ်လက်လှုပ်ရှား အားကစားအစွမ်းများ ဖော်ထုတ်ပြသသည့် ပွဲလည်းဖြစ်ပါသည်။ ပြာသိုလမြင်းခင်းသဘင်ပွဲတွင် မြင်းရေးသာမက ဓားခုတ်၊ လှံထိုး၊ သိုင်းအမျိုးမျိုးတို့ကို ယှဉ်ပြိုင်ကြသည်ဟု ဆိုကြပါသည်။

ပြာသိုလမှာ မြန်မာ့သမိုင်းအတွက် ထူးခြားမှုအပေါင်း သရဖူဆောင်းသောလလည်းဖြစ်သည်။ သူ့ကျွန်မခံလိုသော မြန်မာများသည် လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းခဲ့ကြသည်။ မြန်မာတို့၏ သူရသတ္တိနှင့် ဇွဲ၊ လုံ့လတို့ကြောင့် ကိုလိုနီခေတ် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။ လွတ်လပ်ရေး စတင်ရရှိခဲ့သောနေ့မှာ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်နေ့ပင် ဖြစ်သည်။ ပြာသိုလသည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော လဟုပင် ဆိုနိုင်ပါသည်။

သို့ဖြစ်ရာ ပြာသိုလမှာ ထူးခြားမှုအပေါင်း သရဖူဆောင်းသောလဖြစ်ပြီး အားရတက်ကြွဖွယ် မြင်းခင်းသဘင်ဓလေ့ကလည်း မြတ်နိုးဖွယ်အတိဖြစ်ခဲ့သည်။ "ထွတ်မြတ်တဲ့စံဌာနီ၊ လွတ်လပ်တဲ့မြန်မာပြည်"ဟု ကမ္ပည်းတင်သော လလည်းဖြစ်သည်။ ပြာသိုလသည် လတကာလတို့ထက် ထူးမြတ်သောလပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

မန္တလေး ဒီဇင်ဘာ ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီက ဦးနိုင်မျိုးထွန်းသည် အတူကစားဖော်များဖြစ်ကြသော မအားလီ၊ ဦးအားကွမ်း၊ ဦးအားလူတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ၁၅၂ ကိုက်ကွာဝေးသော ကျင်းအမှတ်(၁၄)သို့ ဂေါက်သီးအမျိုးအစား SRIXON-3 ကို ဂေါက်တံအမျိုးအစား Taylormade IRON-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ဦးနိုင်မျိုးထွန်းအား SWEETY HOME ကုမ္ပဏီမှ ငွေကျပ် ငါးသိန်းတန်ကူပွန်ဆု၊ Myanmar Casual Wear ကုမ္ပဏီမှ ဂေါက်အိတ်တစ်လုံးနှင့် Eitiar Myanmar လျှပ်စစ်လုပ်ငန်းကုမ္ပဏီမှ ငွေကျပ် ငါးသိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)ရှေ့၊ ၈၂ လမ်းနှင့် ၂၄ လမ်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ (အောက်ပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁လမ်းနှင့် ၆၄ လမ်းထောင့်၊ ဓမ္မာရုံရှေ့တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၉လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ ကြားတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် ခရစ္စမတ်နေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် သက်သာဈေးရောင်းချမှုကို ရပ်နားထားပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားတို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရွှေဖုံးမှ

ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမဂံဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားငွေ့င်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဖ္ဖဂေါဏဘုရား၊ ဓမ္မရံကြီးဘုရားနှင့် စူဠာမဏိဘုရားတို့တွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်းပြည်ပခရီးသွားအဆက်မပြတ်သည့်မြို့ဖြစ်သည်။ သီတင်းကျွတ် ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာရုံးပိတ်ရက်/ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်း ပြည်ပခရီးသွားများကို အလွန်ပင်ဆွဲဆောင်လှကြောင်း၊ ပုဂံဒေသသို့ဘယ်နှခေါက်ရောက်ရောက် ထပ်ကာထပ်ကာ လာချင်စိတ်ဖြစ်စေကြောင်း ရန်ကုန်မြို့မှ အဖွဲ့လိုက်ဘုရားဖူးလာရောက်သည့် မရီရီလွင်က ပြောသည်။

ဘုရားဖူးများ၊ ပြည်တွင်း ပြည်ပ ခရီးသွားများ အမြဲတမ်းမပြတ်ရှိနေခြင်းက ပုဂံ-ညောင်ဦး ရှေးဟောင်းနယ်မြေအား တန်ဖိုးထား၍သာဖြစ်ကြောင်း လားရှိုးမြို့မှလာရောက်သည့် ဒေါ်နန်းအိလှိုင်က ပြောသည်။

ဒီပါလင်း



သဗ္ဗညုဘုရားသို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး(၂/၂၀၂၅) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၆)ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ၂၀၂၅ ခုနှစ် အောက်တိုဘာလ စာရင်းအရ အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများသည် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများရှိ အသင်းဝင်ဦးရေ ၂ ဒသမ ၈၄၂ သန်းသို့ အသေးစားငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလနောက်ပိုင်းမှစပြီး လုပ်ငန်းဆောင်ရွက်မှုပမာဏသည် အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၅ ခုနှစ် မတ်လနောက်ပိုင်း ဧပြီလမှစ၍ လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှု လျှော့ချရေးရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သော လူမှုရေးအခြေပြုစီးပွားရေးဖြစ်ကြောင်း။

အလားတူ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် တဖြည်းဖြည်းမြင့်မားလာခြင်းသည် နည်းလမ်းရှာဖွေရှင်းရမည့် အခြေအနေဖြစ်ကြောင်း၊ မတည်ငွေရင်း ကုန်ကျစရိတ်နှင့် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များသည် အနည်းငယ် မြင့်မားနေသည်ဟု သုံးသပ်မိသဖြင့် ကုန်ကျစရိတ်များလျှော့ချနိုင်ရေး သက်ဆိုင်သူများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုပါက အသင်းသားများ ချေးယူငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းကို သင့်လျော်သော နှုန်းထားတစ်ခုသို့ လျှော့ချပေးနိုင်မည့် အခြေအနေဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ကျေးလက်ဒေသနေ ဝင်ငွေနည်းပြည်သူများ၊ MSME များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများသည် ဘဏ်များမှ ငွေကြေးဝန်ဆောင်မှု ရယူနိုင်မှု ကန့်သတ်ချက်ရှိနေဆဲ အခြေအနေဖြစ်သည်ကို တင်ပြချက်များအရ သိရကြောင်း။

အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများနှင့် ယင်းက ဝန်ဆောင်မှုပေးနေသော အသင်းဝင်များ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း(AML/CFT) ကိစ္စများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျ လိုက်နာရေး၊ Online Scam များ၏ တလွဲအသုံးချမှု မခံရစေရေးနှင့် Cyber Security အပါအဝင် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်း အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများသည် အသင်းဝင်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများအတွက် အမှန်တကယ်အထောက်အကူပြုရေးကို စေတနာထား၍ အလေးအနက်ထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တိုင်းဒေသကြီး/ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနများ အနေဖြင့် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး၊ မတည်ငွေရင်း ထပ်မံဖြည့်ဆည်းရန်လိုအပ်သည့်အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအတွက် မတည်ငွေဖြည့်တင်းရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားသည့် ကုမ္ပဏီ နှစ်ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးရေး၊ အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ ပြည်တွင်း ပြည်ပချေးငွေရယူခွင့်ပြုရေး အတည်ပြုရန် အချက်များဖြစ်သည့် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ နယ်မြေတိုးချဲ့မှု၊ မတည်ငွေရင်းထည့်ဝင်မှု၊ အစုရှယ်ယာထည့်ဝင်မှုနှင့် ဒါရိုက်တာဘုတ်အဖွဲ့ပြောင်းလဲမှု အပါအဝင် ကြီးကြပ်မှုကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်းမှ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရည်အသွေး တည်ဆောက်မှုသင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးရန် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူ ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ဆုံးဖြတ်မှုများ ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီ တစ်ခု၊ ပြည်ပကုမ္ပဏီ တစ်ခု၊ အပ်ငွေလက်ခံခြင်း ဆောင်ရွက်ခွင့်ပြုသည့် ကုမ္ပဏီ နှစ်ခု၊ မတည်ငွေတိုးမြှင့်ခွင့်ပြုသည့်ကုမ္ပဏီ သုံးခု၊ ကော်ပိုရိတ် အသက်အာမခံ ကိုယ်စားလှယ်ခွင့်ပြုမှု နှစ်ခု၊ နယ်မြေတိုးချဲ့သည့်ကုမ္ပဏီ လေးခုတို့ကို ခွင့်ပြု၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

ရွေးကောက်ပွဲ ကျင်းပရန် ၅ ရက် သာ လိုတော့သည်။

## လယ်ယာသုံး စက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

### စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးမည်



နေပြည်တော် ဒီဇင်ဘာ ၂၂ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဦးဆောင်မှုဖြင့် စက်မှုလယ်ယာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကျင်းပသည့် လယ်ယာသုံး စက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီ သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန် များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များ၊ တောင်သူများ နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။



ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် မြန်မာနိုင်ငံ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးနိုင်ဦးတို့က လယ်ယာသုံး စက်ကိရိယာပြပွဲ ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ (ယာပုံ)

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်က မြန်မာ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ခန့်သည် ကျေးလက်ဒေသများ တွင် နေထိုင်ကြပြီး လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများတွင် တစ်နည်းနည်းဖြင့် ဆက်စပ် ဆောင်ရွက် နေကြပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ကျေးလက်ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးကောင်စီအနေဖြင့် ဦးတည်ချက် (၄) ရပ်တွင် **“နိုင်ငံ့စီးပွား ဖွံ့ဖြိုး တိုးတက်ရေး၌ အဓိကနှင့် အခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး ကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုး မွေးမြူရေးကို အခြေခံ သည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှ သည် ပြည်သူတို့၏ လူမှုစီးပွား ဘဝကို စဉ်ဆက်မပြတ် မြှင့်တင် ရေး”** ကို ဦးတည်ချက်တစ်ရပ် အဖြစ် ချမှတ် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်မှ ဦးစားပေး ဆောင်ရွက်နေသည့် သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံ စိုက်ဧရိယာ မြှင့်တင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို မှန်ကန် အောင် ဆောင်ရွက်နိုင်ရေး၊ မြေဆီလွှာကို စနစ်တကျပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေကို ကောင်းမွန်သည့် စီမံခန့်ခွဲမှု ဖြစ်စေရေး၊ ရိတ်သိမ်း ချိန်လွန်နည်းပညာများ ဖွံ့ဖြိုး တိုးတက်စေရေး ဆောင်ရွက်နေကြ သည့်နေရာတွင်စက်မှုလယ်ယာစနစ် အသုံးပြုနိုင်ရေးသည် အရေးကြီး ကဏ္ဍမှ ပါဝင်နေကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာ ကဏ္ဍတွင် စက်ကိရိယာများ ပိုမို အသုံးပြုနိုင်ရန်အတွက် အားပေး ကူညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ အနေဖြင့် ထွန်စက်ကြီး ၄၃၉၃၉ စီး၊ လက်တွန်းထွန်စက် ၄၆၂၆၇ စီး၊ ကောက်စိုက်စက် ၁၅၈ စီး၊ လက်ဆွဲကောက်စိုက်စက် ၆၁၀၊ လက်ဆွဲမျိုးစေ့ချကိရိယာ ၃၇၄၆၇ လက်၊ ရိတ်သိမ်း ခြွေလှေ့စက် ၁၃၂၁၁ စီး၊ စပါး အခြောက်ခံစက် ၂၁၁၀ အထိ တိုးတက်ပိုင်ဆိုင်လာ ကြသည်ကို စာရင်းဇယားများအရ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မြေပြုပြင် ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ ခြင်းလုပ်ငန်းများတွင် အထိုက် အလျောက် စက်ကိရိယာများသုံးစွဲ နေကြပြီ ဖြစ်သော်လည်း သီးနှံ စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ စပါး အပြင် အခြားသီးနှံများ ရိတ်သိမ်း ခြွေလှေ့ခြင်း၊ သီးနှံအခြောက်ခံ ခြင်း စသည့် အခြားစိုက်ပျိုးရေး လုပ်ငန်းစဉ် အဆင့်ဆင့်တွင် စက်ကိရိယာ အသုံးပြုမှုသည် အစပျိုးဆောင်ရွက်နေသည့် အဆင့် တွင်ရှိနေပြီး စက်ကိရိယာများကို ရာခိုင်နှုန်းပြည့် သုံးစွဲနိုင်ရန် ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်း အဆင့်တိုင်းတွင် လယ်ယာသုံး စက်ကိရိယာများ မြောက်မြားစွာ လိုအပ်နေသေးသည်ကို တွေ့ရှိရ မည် ဖြစ်ကြောင်း။

#### ရှင်းလင်းတင်ပြ

ယခု လယ်ယာသုံးစက်ကိရိယာ ပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှု လယ်ယာဦးစီးဌာနနှင့် မြန်မာ နိုင်ငံ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များ အသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲ တွင် လယ်ယာသုံးစက်ကိရိယာများ ဖြစ်သည့် ထွန်စက်ကြီးများ၊ စပါး ရိတ်သိမ်း ခြွေလှေ့စက်များ၊ စပါး စိုက်စက်များ၊ သီးနှံမျိုးစေ့ချ ကိရိယာများ၊ ပဲရိတ်သိမ်း ခြွေလှေ့ စက်များ၊ လက်တွန်းထွန်စက်များ၊ လက်တွန်းမျိုးစေ့ချစက်များ၊ မြက် ရိတ်စက်များ၊ ဆေးဖျန်းစက်များ၊ အင်ဂျင်များ၊ ဆန်ကြိတ်စက်၊ စပါး ကြိတ်စက်များ၊ နေရောင်ခြည်သုံး ဆိုလာပန့်များ၊ သီးနှံအခြောက်ခံ စက်များ၊ ထွေလာဂျီများ၊ ထွန်စက် ကြီးနှင့် တွဲဖက်သုံး ကိရိယာများ အပါအဝင် စိုက်ပျိုးရေးလုပ်ငန်း များတွင် အသုံးပြုနေကြသည့် လယ်ယာသုံးစက်ကိရိယာ အမျိုး မျိုးကို ပြသထားရှိပြီး တောင်သူ များအနေဖြင့် မိမိစိတ်ဝင်စားရာ စက်ကိရိယာများကို အချိန်ယူ လေ့လာနိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာ များကို မိတ်ဆက်သရုပ်ပြသခြင်း များ ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများကို ဈေးနှုန်းချိုသာ စွာဖြင့် ရောင်းချပေးခြင်း၊ အရစ်ကျ စနစ်ဖြင့် ရောင်းချပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုလယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် အသင်း ဥက္ကဋ္ဌ ဦးနိုင်ဦးတို့က ပြပွဲကျင်းပ ခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှု တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ Farmers Choice Tractor Co.,Ltd မှ Sonalika ထွန်စက်ကြီး နှစ်စီးနှင့် နောက်တွဲ ကိရိယာ နှစ်လက်၊ Myanmar Empire Co.,Ltd မှ ဘယ်လာရုစ် နိုင်ငံထုတ် ထွန်စက်ကြီးတစ်စီးနှင့် နောက်တွဲကိရိယာ တစ်လက်၊ Mandalar Shwe Thiha Co.,Ltd မှ Sonalika 90HP Tractor နှင့် တွဲဖက်အသုံးပြုသည့် ပြည်တွင်း ဖြစ် Front Dozer တစ်လက် တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ခင်းကျင်း ပြသထားသော လယ်ယာသုံး စက်ကိရိယာ ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့ထွန်ယက်စိုက်ပျိုး သရုပ် ပြသနေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

ပြပွဲတွင် မြေယာပြုပြင်ခြင်း လုပ်ငန်းသုံး ထွန်စက်ကြီးအမျိုး မျိုး၊ နောက်တွဲကိရိယာများ၊ ကောက်စိုက်စက်၊ မျိုးစေ့ချ ကိရိယာ၊ ကြားပေါင်းလိုက်စက် များ၊ ဆေးဖျန်းကိရိယာများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်ရိုးထုံးစက်များ၊ စပါး အခြောက်ခံစက်များ၊ အာလူး စိုက်စက်၊ အာလူးဖော်စက်၊ ပီလော ပီနံစိုက်စက်၊ ပြောင်းရိတ်စက် စသည့် စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ကုမ္ပဏီပေါင်း ၂၂ ခု မှ ပြခန်းပေါင်း ၃၀ ဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်း ပြသ ရောင်းချပေးမည့်အပြင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြု၍ လက်တွေ့မောင်းနှင် ထွန်ယက်စိုက်ပျိုး ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ပွဲရတပ်မတော်သားများအတွက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ပွဲရတပ်မတော်သားများအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ အောင်ပွဲရတပ်မတော်သားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောင်ပွဲရတပ်မတော်သားများအား ဂုဏ်ပြုအားပေးစကားများ ပြောကြားပြီးနောက် အောင်ပွဲရတပ်မတော်သားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်းနှင့် သဇင် FM တေးဂီတအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများနှင့် မြူးမြူးကြွကြွတေးသီချင်းများဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀







# မြစ်သားမြို့နယ်၊ ကျောက်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြစ်သား ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခန္တောကျေးရွာအုပ်စု၊ ကျောက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကျောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃ ဒသမ ၇၇ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၈ဒသမ ၇၇သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ၁၈ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သည်။

ကျောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ထောင်စု ၉၀၊ လူဦးရေ ၂၉၃ဦးအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။

(ဝဲပုံ)

(၄၄၅)



# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကွင်းဖွင့်ပွဲ ကျင်းပ

**တံတားဦး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက တံတားဦးမြို့ ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ကွင်းဖွင့်ပွဲအခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းအား အားကစားသမားများက အလေးပြုကြ၍ စစ်ကြောင်းမှူးက ဦးဆောင်ကာ အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအဖြစ် ပညာရေးအသင်းနှင့်ကျန်းမာရေးအသင်းတို့ ယှဉ်ပြိုင်ကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကွင်းအတွင်းသို့ ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။

တံတားဦးမြို့နယ်အနေဖြင့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပေါင်းစုံ ခုနစ်မျိုးကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါ အားကစားများမှာ ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲတို့မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ရဲတင့်(ပြန်/ဆက်)



**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အပျော်တမ်းခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများ ကျင်းပ၊ ဆုရရှိသူများအား ဆုများချီးမြှင့်





**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာချောတိုင်တက်ပြိုင်ပွဲနှင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ကြီးမှူးကျင်းပသည့် အပျော်တမ်းခေါင်းအုံးရိုက်ပြိုင်ပွဲများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမရှေ့မြက်ခင်းပြင်၌ ပျော်ရွှင်စွာ ဆင်နွှဲနေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

ရှေးဦးစွာ အပျော်တမ်းခေါင်းအုံးရိုက်ပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)ပွဲစဉ်များအား ကြည့်ရှုအားပေးကြပြီးနောက် ပထမ၊ ဒုတိယ၊ တတိယဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ မြန်မာ့ရိုးရာ ချောတိုင်တက်ပြိုင်ပွဲ၌(ပထမ၊ ဒုတိယ၊ တတိယ)ဆုရ အသင်းသားများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ချောတိုင်တက် တစ်ကိုယ်တော်စွမ်းရည်ပြသခြင်းအစီအစဉ်ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






## နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား နေ့ချင်းပြီးဆောင်ရွက်ပေး

**ကျောက်ဆည် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများအား ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ယနေ့နံနက် ၉ နာရီက စုကြီးရပ်ကွက်၊ လေးမျက်နှာဘုရားဝင်း ဝေဇယန္တာခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးရာတွင် လုပ်ငန်းများအဆင်ပြေစေရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ကျောက်ဆည်မြို့နယ်ဦးစီးမှူး ဦးအောင်ထားရွှေက ဦးဆောင်၍ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ဝန်ထမ်းမိသားစုများအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး၊ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)



## မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၂**

မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါတက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သော အမျိုးသားဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲကို ကျင်းပရာ ပထဝီဝင်အသင်းကို ရူပဗေဒအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ **(ယာပုံ)**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုရရှိသူများ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ဓာတုဗေဒအသင်း၊ ဒုတိယဆုရ အရှေ့တိုင်းပညာအသင်း၊ တတိယဆုရ ရူပဗေဒအသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ရူပဗေဒအသင်း၊ ဒုတိယဆုရ ပထဝီဝင်အသင်း၊ တတိယဆုရ သင်္ချာအသင်းတို့အား သက်ဆိုင်ရာဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများကို ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းခုနစ်သင်းဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းခြောက်သင်းဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

(၄၅၃)



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကျင်းပ၊ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုဆုငွေနှင့် ဆုဖလားချီးမြှင့်





**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဌာနအသီးသီးမှ ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စွာဖြင့် မိမိတို့လုပ်ငန်းခွင်၌ တက်တက်ကြွကြွ တာဝန်ထမ်းဆောင်နိုင်ရန်၊ ဝန်ထမ်းအချင်းချင်းချစ်ကြည်ရင်းနှီးမှုများ ရရှိစေရန်၊ အတူတကွပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် အားကစားသမားကောင်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များဖြင့် အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ အားကစားဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်ပေးမှုများဖြင့် ကျင်းပပေးခြင်းဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခွန်ဌာနမှ ကြီးမှူးကျင်းပသည့် ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ဖူဆယ်အားကစားခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ အရာထမ်းများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တတိယနေရာလုပွဲအဖြစ် စီမံရေးရာဌာန(က)အသင်းနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(က)အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကိုလည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ဈေးနှင့်သားသတ်ဌာန(က) အသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က)အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကော်မတီဝင်(၂)က အကောင်းဆုံး (ဂိုးသမား)ဆုရရှိသူကိုလည်းကောင်း၊ ကော်မတီဝင်(၁)က အကောင်းဆုံးအားကစားသမားဆုရရှိသူကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက တတိယဆုရ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန(က)အသင်းကိုလည်းကောင်း၊ ဒုတိယဆုရ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က)အသင်းအား အတွင်းရေးမှူးကလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် Trophy များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရ ဈေးနှင့်သားသတ်ဌာန(က)အသင်းအား မြို့တော်ဝန်က ဂုဏ်ပြုဆုငွေနှင့် ဆုဖလားပေးအပ်ချီးမြှင့်ပြီးနောက် ဆုရအသင်းသားများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## တစ်နိုင်တစ်ပိုင် ကွန်ကရစ်ပစ္စည်းများ ပြုလုပ်ရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေ

**မြစ်သား ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ပေါက်မြိုင်ကျေးရွာအုပ်စု၌ တစ်နိုင်တစ်ပိုင် ပြုလုပ်ရောင်းချလျက်ရှိသည့် ကွန်ကရစ်ပစ္စည်းများမှာ ပုံမှန်အရောင်းအဝယ်ရှိပြီး မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မြစ်သားမြို့နယ်အတွင်း ကွန်ကရစ်ပစ္စည်းများ ပြုလုပ်ရာတွင် ဘိလပ်မြေ၊ ကျောက်မှုန့်၊ သဲရောစပ်ကာ ပြုလုပ်ရသည့် လုပ်ငန်းဖြစ်ပြီး ဘိလပ်မြေတစ်အိတ် ငွေကျပ် ၁၇၀၀၀၊ သဲတစ်စီး ၆၅၀၀၀ မှ ၈၅၀၀၀ ကျပ်ကုန်ကျကာ ရောင်းအားကောင်းသည့် ကွန်ကရစ် ကျောက်တိုင်၊ ရေကန်များ၊ ရေချိုးကန်များ၊ နွားကျွေးကန်များ၊ မိလ္လာခွေများ၊ မိလ္လာကန်အဖုံးများ၊ ပန်းပျိုးကန်များစသည့် ပစ္စည်းများကို ပြုလုပ်ရောင်းချကြသည်။ တစ်ခါတစ်ရံကျေးလက်လမ်းများ ပြုလုပ်ရာမှာ အသုံးပြုတဲ့ ရေပြွန်များလည်း ရောင်းချရပြီး ရောင်းဈေးများကို ဝယ်လိုအားအပေါ် မူတည်၍ ဈေးအနည်းငယ်သာ တက်၍ ရောင်းချကြောင်း ပေါက်မြိုင်ကျေးရွာနေ အောင်ရတနာ ကွန်ကရစ်ပစ္စည်းများ ပြုလုပ်ရောင်းချသူ ဦးအောင်မြင့်ထံမှ သိရသည်။

**(ဝင်းမင်းထွန်း-ပြန်/ဆက်)**





## မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ရေသန့်စက်များ လှူဒါန်း

**စစ်ကိုင်း ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ စစ်ကိုင်းမြို့ရှိ စက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ရေသန့်စက်များလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရတနာစေတီဆင်များရှင်ဘုရား ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးမြို့ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်နှင့် စစ်ကိုင်းမြို့ SRCCI ဥက္ကဋ္ဌ ဦးကြည်လှိုင်တို့က ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် စက်မှုလက်မှုစီးပွားရေးလုပ်ငန်းရှင်များအား ထောက်ပံ့ကူညီပေးမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ MRCCI ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်မှုလက်မှုစီးပွားရေးလုပ်ငန်းရှင်များထံ ရေသန့်စက် ၁၀ လုံး ပေးအပ်လှူဒါန်းခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များကိုယ်စားလုပ်ငန်းရှင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၂**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်လူထုအခြေပြု ဗဟိုဌာန(Community Centre) ခန်းမ၌ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ပြိုင်ပွဲများ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် " လွတ်လပ်ရေးကို ထိန်းသိမ်းဖို့ တိုင်းရင်းသားများ စည်းလုံးစို့ " ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် " ဖွံ့ဖြိုးဝေစည် မြန်မာပြည် " ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့က အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**





PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)၏ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

★ **စာမျက်နှာ ၂၄ မှ**

လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် ဧရာဝတီတံတား(ရတနာသိင်္ခ)ကိုလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့်တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင် လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရသည်။

ထို့ကြောင့် ခရီးသွားပြည်သူများ ပြန်လည်သွားလာနိုင်ရေး၊ ဒေသတွင်း ကုန်စည်စီးဆင်းမှု ပြန်လည်လည်ပတ်နိုင်ရေး တံတားပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် အဆိုပါ တံတားနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် အဆိုပါ ဧရာဝတီတံတား(ရတနာသိင်္ခ)နှင့် ယင်းနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်အတွက် ဧရာဝတီတံတား(ရတနာသိင်္ခ)အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ တံတားပြန်လည်ပြုပြင်ပြီးစီးပါက ဒေသအတွင်း ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်မည် ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရပြီး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၈၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၈၈ လုံး ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံ ပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ နှစ်ထပ်အဆောက်အအုံ ၃၆ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၁၉ လုံးကို ထပ်မံရှာဖွေစစ်ဆေးနိုင်ခဲ့ကြောင်း၊ ထိုသို့ရှာဖွေစစ်ဆေးပြီးစီးသည့်အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါ တရားမဝင် အဆောက်အအုံအားလုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

ယင်းအပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။



မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်မှု လုပ်ငန်းတွင် အသုံးပြုခဲ့သော အဆောက်အအုံများ ချိပ်ပိတ်သိမ်းဆည်းမှုကို တွေ့ရစဉ်။

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးမြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှု လျှော့ချရေးအသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဇော်ထက်(သရက်)**



## အသား၊ ငါး ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ မြို့နယ်စည်ပင်သာယာဈေးနှင့် ဒက္ခိဏဈေးအတွင်း ရောင်းချလျက်ရှိသည့် အသား၊ ငါး ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးအတွက် တာဝန်ရှိသူများ ယနေ့ နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဝင်များ၊ မြို့မဈေးတာဝန်ခံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အမဲသား၊ ဝက်သား၊ ငါး၊ ဆိတ်သားများ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ အသား၊ ငါးများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန်နှင့် အလေးချိန်ခွင်ပြည့်ဝစွာ ချိန်တွယ်ခြင်းဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချခြင်းများ ပြုလုပ်ရန်တို့ကို ပြောကြားခဲ့ပြီးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**တောင်ငူ ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက အမှတ်(၁၆)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရေတာရှည်မြို့နယ်၊ ကူးတို့ကုန်းကျေးရွာနေ ကျော်ထွေး(၄၄)နှစ် မောင်းနှင်လာသည့် DAIHATSU HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်ထွေးအား တောင်ငူမြို့၊ အမှတ်(၂)နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်-ကျိုင်းတုံပြည်ထောင်စုလမ်းမကြီးတွင် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ရပ်ကွက်(၂)၊ တာချီလိတ် - ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ် ၃၉၄ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က တာချီလိတ်မှ ကျိုင်းတုံသို့ ယာဉ်မောင်း ယောဟန်(၃၁)နှစ် မောင်းနှင်လာသော ယာဉ်အမှတ် MITSUBISHI PAJERO-IO အမျိုးအစား အဖြူရောင်မော်တော်ယာဉ်သည် အင်ဂျင်ခန်းအတွင်း ဝါယာရှော့ဖြစ်ရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကျိုင်းတုံခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၁၁ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် MITSUBISHI PAJERO-IO အမျိုးအစား အဖြူရောင် မော်တော်ယာဉ်အရှေ့ပိုင်းရှိ ဘက်ထရီနှင့် အင်ဂျင်မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ယာဉ်မောင်းယောဟန်အား ကျိုင်းတုံမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကလေးမြို့နယ်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ နေအိမ်မီးလောင်

**ကလေး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၅ နာရီခွဲက ပိုင်ရှင် ဦးဂင်လျန်းခမ်၏ နေအိမ်တွင် ငှားရမ်းနေထိုင်သည့် အိမ်ငှား ဒေါ်ညောင်လွန်တင်၏ ၂၄ပေ×၁၆ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ် နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အကာထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကလေးခရိုင် မီးသတ်စခန်းနှင့် ကလေးမြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၆ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ၂၄ပေ×၁၆ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် အိမ်ငှား ဒေါ်ညောင်လွန်တင်(၅၁)နှစ်အား ကလေးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မူဆယ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်ရှိ ထွန်းထွန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူအလေးချိန် ၃၇၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၅၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထွန်းထွန်းနိုင်(၃၃)နှစ်အား မူဆယ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အင်သစ်ခွဲသားများ တရားမဝင်လက်ဝယ်ထားရှိသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**တောင်ကြီး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၌ အင်သစ်ခွဲသားများ တရားမဝင် လက်ဝယ်ထားရှိသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီတွင် ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ တောင်ကြီးမြို့နယ်၊ ပန်းစုံကျေးရွာနေ ဦးမင်းစိုး(ခ)ကိုလတ် (၅၁) နှစ်၏ နေအိမ်အား သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ခြံဝင်းအတွင်း၌ အင်ခွဲသားဆိုဒ်စုံ ၃၉၈ ချောင်း၊



အင်သစ်လျှာထိုး ၇၁၀ ချောင်း၊ စုစုပေါင်း ၁၁၀၈ ချောင်းနှင့် သစ်များခွဲစိတ်ရာတွင် အသုံးပြုသည့် WULINF (22 Hp) တရုတ်အင်ဂျင်စက် တစ်လုံးတို့အား တရားမဝင် လက်ဝယ်ထားရှိသည်ကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် မင်းစိုး(ခ)ကိုလတ်အား ရွှေညောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင်နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၈)ရပ်ကွက်နေ ဒေါ်မြင့်မြင့်မော်(ခ)မော်လေး (၄၇)နှစ်သည် ၎င်းအသုံးပြုသည့် Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်မြင့်မော်(ခ)မော်လေးအား ဒီဇင်ဘာ ၁၉ ရက်တွင် မအူပင် မြို့မရဲစခန်း (ပ)၂၃၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ ဒေါ်နှင်းနုနုလှိုင်သည် ၎င်းအသုံးပြုသည့် “Nu Hlaing” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် နှင်းနုနုလှိုင်အား ဒီဇင်ဘာ ၁၈ ရက်တွင် ရပ်စောက်မြို့မရဲစခန်း(ပ)၁၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဦးမြင့်ဝင်း (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “Ko Myint Win”Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ရေးသားလွှင့်တင်ခြင်း၊ ပြန်လည်မျှဝေခြင်းများ ပြုလုပ်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်ဝင်းအား ဒီဇင်ဘာ ၁၇ ရက်တွင် တောင်ကြီးနယ်မြေရဲစခန်း (ပ)၁၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အပြင် ဒီဇင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်သင်းသင်းဖြူ(၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “Phyu” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် သင်းသင်းဖြူအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်း(ပ)၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဆွာမြို့ အမှတ်(၅)ရပ်ကွက်နေ ဦးအောင်ဇော်မျိုးထက်(ခ)ဖိုးလပြည့်(ခ)ဖိုးထက် (၃၅)နှစ်သည် ၎င်းအသုံးပြုသည့် “Phoe Htet” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ထပ်ဆင့်ပြန်လည်မျှဝေထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ဇော်မျိုးထက်(ခ)ဖိုးလပြည့်(ခ)ဖိုးထက်အား ဒီဇင်ဘာ ၁၉ ရက်တွင် ဆွာနယ်မြေရဲစခန်း (ပ)၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ဇေယျရပ်ကွက်နေ မမေသူကျော် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “May Thu Kyaw” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မေသူကျော်အား ဒီဇင်ဘာ ၁၉ ရက်တွင် မုံရွာမြို့မရဲစခန်း (ပ)၂၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အပြင် ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း ကမ္ဘောဇဘဏ်ရှေ့၌ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးက စုတ်ဖြဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား စုတ်ဖြဲဖျက်ဆီးသွားသူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဝေလင်းနိုင်(ခ)ဝေလင်း (၂၅)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၇၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ အောင်ကျော်ဟိန်း (၃၁)နှစ်သည် ၎င်းအသုံးပြုသည့် “Aung Kyaw Hein” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ကျော်ဟိန်းအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟောင်လိတ်နယ်မြေရဲစခန်း (ပ)၂၁၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)နေ အာမတ်ခန့် (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် “တစ်ချိန်က မေမြို့သားကြီး(အကောင့်ကျအာမတ်” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အာမတ်ခန့်အား ဒီဇင်ဘာ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၂၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အပြင် ဒီဇင်ဘာ ၁၇ ရက်မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၆) အေးသာယာ-စက်မှုဇုန်သွားလမ်းနှင့် စစ်ကိုင်းလမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးက ဖျက်ဆီးနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်းဘုတ်အား အေးသာယာမြို့ ရပ်ကွက်(၉)နေ သီဟစိုး(ခ)အလီ (၃၅)နှစ်က ဖျက်ဆီးနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးကာ ၎င်းအား ဒီဇင်ဘာ ၁၇ ရက်တွင် အေးသာယာနယ်မြေရဲစခန်း (ပ)၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ စည်သူမင်း (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Si Thu Min” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် စည်သူမင်းအား ဒီဇင်ဘာ ၁၉ ရက်တွင် ပျဉ်းမနားမြို့မရဲစခန်း(ပ)၂၈၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် ဖမ်းဆီးခဲ့ပြီး တရားခံများအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကလေးမြို့၌ ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



တရားခံ ဇန်လားရှိထန်းငါ(ခ)ထန်းသဲနှင့် မမန်းဟောက်ကိမ် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၂

ကလေးမြို့၌ ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၆)ရှိ ဇန်လားရှိထန်းငါ(ခ)ထန်းသဲ(၂၈)နှစ်နှင့် မမန်းဟောက်ကိမ်(၃၁)နှစ်တို့၏ နေအိမ်အား သတင်းအရဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၃၁၃၀၀၀(တစ်တောင့်လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့်၎င်းဒေသတန်ဖိုး ငွေကျပ် ၂၁၉၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး ALPRAZOLAM ဆေးပြား ၇၁၅၅၀၀(တစ်ပြားလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၇၃ ဒသမ ၂၅ သိန်း)တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဇန်လားရှိထန်းငါ(ခ)ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၀ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု စည်ကားကျေးရွာနှင့် ဝါးဘိုးရေကျေးရွာ ချင်းဆက်လမ်းတွင် လမ်းလျှောက်လာသူ စိုင်းဆာအေး(ခ)ဒေါ်နှ(၅၁)နှစ်၊ ဝါးဘိုးရေကျေးရွာ ပြင်ဦးလွင်မြို့နယ်နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃၄ သိန်း)ကို သိမ်းဆည်းရမိသဖြင့် စိုင်းဆာအေး(ခ)ဒေါ်နှအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နေ ချမ်းမြေ့အောင်(ခ)ချမ်းပြည့်အောင်က လူမှုကွန်ရက် Facebook စာမျက်နှာမှတစ်ဆင့် ရှမ်းပြည်နယ် ဟိုပုံးမြို့နေ အမျိုးသမီးတစ်ဦးအား မိုင်းလားမြို့တွင် တရုတ်ဇနီးမယားပြုလုပ်ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်၊ တစ်လလျှင် ငွေကျပ်သိန်း ၂၀/၃၀ ခန့် ရမည်ဟု စည်းရုံးပြောဆို၍ ရှမ်းပြည်နယ် တာချီလိတ်မြို့နေ သုခစ်အထွေထွေအကျိုးဆောင်လုပ်ငန်း ဖွင့်လှစ်ထားသည့် မအိသန္တာကျော်နှင့် သန်းထွဋ်တို့ထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ မအိသန္တာကျော်နှင့် သန်းထွဋ်တို့က ယင်းအမျိုးသမီးအပါအဝင် အဆိုပါအကျိုးဆောင်လုပ်ငန်းသို့ အလုပ်လာရောက်လျှောက်ထားသည့် အမျိုးသမီး လေးဦးတို့အား မိုင်းလားမြို့တွင် တရုတ်ဇနီးမယားပြုလုပ်ပါက တစ်လလျှင် ယွမ် ၅၀၀၀ ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်ဟု ပြောဆိုစည်းရုံးကာ ကာလသားရောဂါပိုး ရှိ/မရှိသွေးစစ်ဆေးပေးပြီး အလုပ်ခတ်ပုံများ ရိုက်ယူခဲ့ကြောင်း သိရသည်။

ထို့နောက် မိုင်းလားမြို့နေ ကိုအောင်ထံ ပို့ဆောင်ရောင်းစားရန် တာချီလိတ်မြို့မှ မိုင်းလားမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကျိုင်းတုံမြို့ နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်းကို ကွင်းရှောင်သည့် ယန်းလူလမ်းခွဲ၌ ဖမ်းဆီးရမိသဖြင့် အမှတ်(၁၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)က တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ကျိုင်းတုံမြို့မ ရဲစခန်း (ပ)၂၉/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၁၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံးက ဖမ်းမိတရားခံ အိသန္တာကျော်နှင့် သန်းထွဋ်တို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၁၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ ချမ်းမြေ့အောင်(ခ)ချမ်းပြည့်အောင်နှင့် ကိုအောင်တို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## ပရီးမီးယားလိဂ်နောက်ဆုံး ၁၀ ပွဲဆက်တိုက် ရှုံးနိမ့်သည့် မှတ်တမ်းဆိုးတစ်ရပ် ဝုဖ်အသင်းပိုင်ဆိုင်



**လန်ဒန် ဒီဇင်ဘာ ၂၂**

ဝုဖ်အသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံး ၁၀ ပွဲဆက်တိုက် ရှုံးနိမ့်သည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဝုဖ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလိုမှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဝုဖ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ပွဲကစားအပြီးတွင် ရမှတ် ၂ မှတ်သာရရှိထားပြီး အမှတ်ပေးဇယားအဆင့် ၂၀ နေရာတွင် ရပ်တည်ကာ ရလဒ်များ အလွန်ဆိုးရွားလျက်ရှိသည်။ (ဝဲပုံ)

ဝုဖ်အသင်းအနေဖြင့် လက်ရှိပုံစံအတိုင်း နောက်ထပ်လာမည့်ပွဲစဉ်တိုင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိပါက ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်မှ တန်းဆင်းသွားရမည်ဖြစ်သည်။ (NGB)

## လူးဝစ်ဒန့်ခ် ဘရိုက်တန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဒီဇင်ဘာ ၂၂**

ဘရိုက်တန်အသင်းသည် အသင်းဝါရင့် နောက်ခံကစားသမား လူးဝစ်ဒန့်ခ်အား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ နောက်ခံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၀၉-၂၀၁၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၀၂ ပွဲကစားကာ ၃၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ လူးဝစ်ဒန့်ခ်က 'ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူအောင်မြင်မှုများစွာ ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။ (NGB)


## အိုင်ယွတ်ဘူအာဒီ၏ ပြောင်းရွှေ့ကြေးအား ယူရို ၄၅ သန်းအထိ လိုင်လီအသင်း အလိုရှိ

**ပါရီ ဒီဇင်ဘာ ၂၂**

လိုင်လီအသင်းသည် အသင်းကွင်းလယ်ကစားသမား အိုင်ယွတ်ဘူအာဒီ၏ ပြောင်းရွှေ့ကြေးအား ယူရို ၄၅ သန်းအထိ အလိုရှိနေသည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား




အိုင်ယွတ်ဘူအာဒီသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းကခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

လိုင်လီအသင်းကလည်း အိုင်ယွတ်ဘူအာဒီအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လိုင်လီအသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း အိုင်ယွတ်ဘူအာဒီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (ဝဲပုံ)(NGB)

## ဒန်ဖရိုင်းစ် အင်တာမီလန်အသင်းတွင် ဆက်ရှိသွားမည်

**မီလန် ဒီဇင်ဘာ ၂၂**

အင်တာမီလန်အသင်းနောက်ခံကစားသမား ဒန်ဖရိုင်းစ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဒန်ဖရိုင်းစ်သည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၄ ပွဲကစားပြီး ၂၅ ဂိုးအထိ သွင်းယူထားသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဒန်ဖရိုင်းစ်က 'ကျွန်တော် အင်တာမီလန်အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာပဲ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ



အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ' ဟု ပြောသည်။ (အပေါ်ပုံ)(NGB)

## အက်စတွန်ဗီလာအသင်း သမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၀ ပွဲ ဆက် နိုင်ပွဲရယူနိုင်သည့် ပထမဆုံးနည်းပြအဖြစ် အူနိုင်းအမ်မရီ မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၂၂**

နည်းပြ အူနိုင်းအမ်မရီသည် အက်စတွန်ဗီလာအသင်း သမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၀ပွဲဆက် နိုင်ပွဲရယူနိုင်သည့် ပထမဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါနည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက မန်ယူအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ အူနိုင်းအမ်မရီသည် အက်စတွန်ဗီလာအသင်းအား နောက်ဆုံးပြိုင်ပွဲစုံ ၁၀ ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့်(၃)နေရာ ရရှိအောင်လည်း စွမ်းဆောင်နိုင်ခဲ့သည်။

အသက်(၅၄)နှစ်အရွယ်ရှိ အူနိုင်းအမ်မရီက 'ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(အောက်ပုံ)(NGB)



## လီယွန်ဂိုရက်ဇ်ကာအား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဒီဇင်ဘာ ၂၂**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းကွင်းလယ်ကစားသမား လီယွန်ဂိုရက်ဇ်ကာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၇ ပွဲကစားကာ ၄၆ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း လီယွန်ဂိုရက်ဇ်ကာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ လီယွန်ဂိုရက်ဇ်ကာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)



### အင်္ဂလိပ် ကာရာဘောင်းလိဂ်ပလားဘောလုံးပြိုင်ပွဲ(ကွာတားပိုင်နယ်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၄-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၂း၃၀နာရီ | အာဆင်နယ် (ပရီးမီးယား-၁) - ပဲလေ့စ် (ပရီးမီးယား-၈) | အာဆင်နယ် ၁-၀ ပဲလေ့စ် (၂၆-၁၀-၂၀၂၅ ပရီးမီးယား) |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၃-၁၂-၂၀၂၅ အင်္ဂါနေ့ | ညနေ ၃း၃၀ နာရီ | (၁၀)ရခိုင် (L,L,W,W,L) - ရာမည(၁၂) (L,L,L,D,L) | ——— |
| ။ | ညနေ ၄း၀၀ နာရီ | (၃)ရတနာပုံ (D,W,W,L,D) - အား/ကာသိပွဲ(၄) (D,D,W,W,W) | ရတနာပုံ ၁-၁ အား/ကာသိပွဲ<br>အား/ကာသိပွဲ ၂-၀ ရတနာပုံ |

### အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|---|---|
| ၂၃-၁၂-၂၀၂၅ အင်္ဂါနေ့ | ည ၇း၀၀ နာရီ | D | ဒီအာကွန်ဂို - ဘီနင် | ဒီအာကွန်ဂို ၂-၀ ဘီနင် |
| ။ | ည ၉း၃၀ နာရီ | D | ဆီနီဂေါ - ဘော့စွာနာ | ဆီနီဂေါ ၃-၀ ဘော့စွာနာ |
| ၂၄-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၀၀ နာရီ | C | နိုင်ဂျီးရီးယား - တန်ဇန်းနီးယား | နိုင်ဂျီးရီးယား ၁-၀ တန်ဇန်းနီးယား |
| ။ | နံနက် ၀၂း၃၀ နာရီ | C | တူနီးရှား - ယူဂန်ဒါ | တူနီးရှား ၂-၀ ယူဂန်ဒါ |

### ဘောလုံးသတင်း အတိုအထွာများ

* ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား အလက်ဇန္ဒားပါဗလိုဗစ်အား ခေါ်ယူရန် အပြိုင် စိတ်ဝင်စားလျက်ရှိသည်။
* ၂၀၂၈ ခုနှစ်မှ စတင်ကာ အာဖရိကဖလားပြိုင်ပွဲကို လေးနှစ် တစ်ကြိမ်စနစ်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

(NGB)

# မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း) ကြီးကြပ်မှုအောက်ရှိ ယာဉ်များမှတ်ပုံတင်ဆောင်ရွက်ရန် သတိပေး

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး (၆)မြို့နယ်အတွင်း ပြေးဆွဲနေသော မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း) ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်လိုင်းများမှ ယာဉ်များ၊ စင်းလုံးငှားယာဉ်များ၊ လေးဘီးယာဉ်များ၊ လူစီးသုံးဘီးယာဉ်များနှင့် သုံးဘီးဆိုင်ကယ်များအနေဖြင့် ၂၀၂၆ ခုနှစ်အတွက် ယာဉ်မှတ်ပုံတင်များဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတိပေးနှိုးဆော်ထားသည်။

"ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း) ကြီးကြပ်မှုအောက်က ယာဉ်တွေအနေနဲ့ ယာဉ်မှတ်ပုံတင်ပြုလုပ်ဖို့ပါ။ အဲ့ဒီအတွက် စာထွက်အသိပေးထားသလို ခုလည်း အများသိအောင် ကြေညာတာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ စစ်ဆေးမှုတွေလုပ်နေပြီး ပြည့်စုံမှုမရှိရင် ဥပဒေအရ အရေးယူမှုတွေ လုပ်ဆောင်မှာပါ"ဟု ယင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ်(၄) အရ ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျ ပြေးဆွဲရေးဥပဒေပုဒ်မ(၈)၊ အပိုဒ်ခွဲ(က)နှင့် နည်းဥပဒေအပိုဒ်(၂၁)၊ပိုဒ်ခွဲ(င)အရ တိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင် မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သည်။

ယာဉ်မှတ်ပုံတင်ခြင်းကို ၆၃ လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား ရှိ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(မြို့တွင်း)ရုံးတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-ဇ)



# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းဖွဲ့စည်းခြင်း ကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့်ရွာသစ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြေတော်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းကို မိတ်ဆက်ပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဦးစီးအရာရှိက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အဆိုပါ မြေတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများကို ကဏ္ဍအလိုက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

**အောင်ရဲကျော်**

# ဝမ်းတွင်းမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်တမ်းများကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

**ဝမ်းတွင်း ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်တွင် ပန်းတိုင်အထွက်နှုန်းပြည့်မီရန် သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်းမကောင်းရခြင်းအကြောင်းအရာများ မြေပြင်ကွင်းဆင်းစစ်တမ်းများ၊ ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝမ်းတွင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း ကျေးရွာများသို့ ကွင်းဆင်း၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံမရခြင်း၊ မျိုးမကောင်းခြင်း၊ မြေဩဇာ အားနည်းခြင်း၊ မြေဩဇာလိုအပ်ခြင်း၊ လိုအပ်သည့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာပြည့်ပြည့်ဝဝ ထည့်သွင်းရန် ငွေကြေးမတတ်နိုင်ခြင်း၊ မိုးရေလုံလောက်စွာမရရှိ၍ စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်း၊ ရေလုံလောက်စွာမရခြင်း၊ လုပ်သားအခက်အခဲရှိခြင်း၊ ငှားရမ်းခဈေးကြီးခြင်း၊ ကောက်ကွက်ပြည့်မီအောင် မစိုက်နိုင်ခြင်း၊ ပင်ကြား၊ တန်းကြား အပြည့်မစိုက်နိုင်ခြင်းစသည့် အချက်အလက်များကို မြေပြင်ကွင်းဆင်းမေးမြန်း၍ စစ်တမ်းကောက်ယူခဲ့ကြသည်။

ထိုသို့ စစ်တမ်းများ ကောက်ယူရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်း၍ ကျေးရွာတာဝန်ကျ စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးလျှင် တောင်သူ ၁၀၀ ဦးနှုန်းဖြင့် တောင်သူ ၉၀၀ ဦးအား ကောက်ယူခဲ့ကြသည်။

အဆိုပါ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်တမ်းများ ကောက်ယူခြင်းလုပ်ငန်းကို မိတ္ထီလာခရိုင်အတွင်းရှိ ဝန်ထမ်း ၄၉ ဦးဖြင့် တောင်သူ ၄၉၀၀ ဦးအား ကောက်ယူခဲ့ကြကြောင်း သိရသည်။

(ယာပုံ) (၄၆၉)



# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် ဒီဇင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် အများအားဖြင့် သာယာမည်။

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။



ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၈ ဒီဂရီဖာရင်ဟိုက်မှ ၅၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၅၄ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအတွင်း၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ရာခိုင်နှုန်း မှ ၇၃ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၄ မီလီမီတာမှ ၂၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၃ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲက ထုတ်ပြန်ထားသည်။

**ရွှေမန်း**



## ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားကွင်း၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် "မြန်မာ့အားကစားကို နိုင်ငံတကာအဆင့်မီ တက်လှမ်းနိုင်ဖို့ရည်ရွယ်ပြီး စီမံကိန်းများ ချမှတ်အကောင်ထည် ဖော်ဆောင်ရွက်လျက်ရှိရာမှာ မျိုးဆက်သစ်အားကစားသမားများရရှိရေးက အဓိကအရေးကြီးဆုံး ဖြစ်ပါတယ်။ မြို့နယ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြတဲ့ အားကစားသမားများအနေနဲ့လည်း အနိုင်မခံအရှုံးမပေး ဖွဲ့စိတ်ဓာတ်အပြည့်အဝနဲ့ ယှဉ်ပြိုင်ကြပါ။ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး အားကစားလောက တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ရေး နိုင်ငံတော်ရဲ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေးအတွက် ထူးချွန်တဲ့အားကစားသမားကောင်းဖြစ်အောင် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြဖို့လိုပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှစတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၆၈)

## သစ္စာအဓိဋ္ဌာန် သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီး ရေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေး ဆရာတော်ကြီးများ၏ ဩဝါဒခံယူ

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၂**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာရှိ သစ္စာအဓိဋ္ဌာန် သမိုင်းဝင် စေတီတော်မြတ်ကြီးသည် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့၍ ရေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရေး မြို့နယ်အတွင်းရှိ ပဓာနနာယက ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌဆရာတော်က ငလျင်ဒဏ်သင့်ပြီးကာလ ထီးတော်မှပျက်စီး၍ ရရှိလာသည့် ရတနာပစ္စည်းများကို ပြန်လည် ထည့်သွင်းအသုံးပြုရန်၊ ချို့ယွင်းချက်မရှိ ညီမျှစွာဆောင်ရွက်ကြရန်နှင့် စေတီတော်မြတ်ကြီး ရေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များအား မိန့်ကြားသည်။

ထို့နောက် အောင်မြေသာစံခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက သမိုင်းဝင်ရွှေစာရံ စေတီတော်မြတ်ကြီးအား နိုင်ငံတော်က ချမှတ်ထားသည့် အထင်ကရ ဘုရား၊ စေတီ၊ ပုထိုးများကို ပြုပြင်ရန် လမ်းညွှန်မှာကြားသည့်အတိုင်း ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကာ စေတီတော်မှရရှိသည့် ရွှေ၊ ငွေ၊ ရတနာပစ္စည်းများအား မူလရရှိထားသည့် စာရင်းဇယားနှင့်အညီ ထီးတော်မြတ်တွင် ပြန်လည် ပူဇော်နိုင်ရေး ပြုပြင်မွမ်းမံရာတွင်လည်း အမြန်ဆုံးနှင့်ခိုင်ခံ့စွာ ပြုပြင်သွားမည်ဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်က ယခင်ရရှိထားသည့်အလှူငွေများနှင့် ပတ်သက်၍ လျှောက်ထားတင်ပြပြီး စေတီတော်ကြီး ပျက်စီးမှုနှင့် ပြုပြင်နေမှုပြီးစီးမှုအခြေအနေများအား လျှောက်ထားတင်ပြခဲ့သည်။ အဆိုပါ သမိုင်းဝင်ရွှေစာရံဘုရားကြီး၏ ၄က်မြတ်နားတော်၊ ထီးတော်တို့တွင် ရွှေ၊ ငွေ၊ ရတနာများ လှူဒါန်းနိုင်ရန် ဖုန်း- ၀၉-၄၄၄၀၃၄၂၉၉နှင့် ၀၉-၄၄၁၀၃၃၇၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**စာနည်းကိုကို(ပြန်/ဆက်)**

## ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

### နားကြပ်ကတစ်ဆင့် တိုက်ရိုက်စကားပြန်လုပ်ပေးနိုင်တော့မယ့် Google Translate





မတူညီတဲ့ ဘာသာစကားတွေကို ဘာသာပြန်ရာမှာ Application တွေနဲ့ အသုံးပြုခဲ့ရာက အခုဆိုရင် နားကြပ်ကတစ်ဆင့် ဘာသာပြန်နိုင်အောင် Googleက သူ့ရဲ့ Google Translate Gemini AIနဲ့ အဆင့်မြှင့်လိုက်ပါတယ်။ ဒီ Beta Versionမှာ နားကြပ်တပ်ထားရင် ကိုယ်နဲ့စကားပြောနေသူရဲ့ စကားတွေကို တိုက်ရိုက်ဘာသာပြန်မယ့် စနစ်ပါရှိလာပါတယ်။

လုပ်ဆောင်ရမှာက ဖုန်းကို နားကြပ်နဲ့ ချိတ်ဆက်ပါ။ Translate app ကို ဖွင့်ပြီး Live Translate ကို နှိပ်ထားရမှာပါ။ ဒါဆိုရင် အခြားဘာသာစကားနဲ့ ပြောသမျှ စကား၊ ရုပ်ရှင်၊ သင်ခန်းစာများကို နားလည်တဲ့ ဘာသာစကားနဲ့ ဘာသာပြန်ပေးနေမှာပါ။ လတ်တလောမှာတော့ ဘာသာစကား ၇၀ ကျော်အတွက် ရနိုင်ပြီလို့ သိရတယ်။ ယခု Version မှာ Google Translate က ပိုပြီး သဘာဝကျကျ ဘာသာပြန်ပေးနိုင်သလို ခေတ်ပေါ် ဗန်းစကားတွေတောင် ဘာသာပြန်ပေးနိုင်တယ်လို့ ဆိုပါတယ်။

အဲ့ဒီဘာသာစကားတွေထဲမှာ မြန်မာစကားမပါသေးဘဲ အာရှဘက်ကဆိုရင် တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ ဗီယက်နမ်၊ အင်ဒို၊ ဖိလစ်ပိုင်နဲ့ ဥရောပဘာသာစကားတွေ အများကြီးပါရှိပါတယ်။ လာမယ့်နှစ်တွေမှာလည်း နောက်ထပ်နိုင်ငံတွေ တိုးလာဖို့ရှိပါတယ်။Beta Versionအနေနဲ့အမေရိကန်၊ မက္ကဆီကိုနဲ့ အိန္ဒိယတို့က Androidပေါ်မှာ စတင်ဖြန့်ဝေတာဖြစ်ပြီး IOS အတွက်လည်း မကြာခင် ရရှိလာတော့မှာပါ။

(ATK)

### Space - X ရဲ့ Starlink ဂြိုဟ်တုအင်တာနက်သုံးစွဲသူ ရှစ်သန်း ကျော်ရှိလာ

Space - X ရဲ့ Starlink ဂြိုဟ်တုအင်တာနက်သုံးစွဲသူအရေအတွက်ဟာ လွန်ခဲ့တဲ့ တစ်နှစ်လောက်က လေးသန်းခန့်နဲ့ ပြီးခဲ့တဲ့ နှစ်လကျော်မှာ သုံးစွဲသူ ခုနစ်သန်း ပြည့်သွားခဲ့ပါတယ်။ ခုဆိုရင် ကမ္ဘာတစ်ဝန်းမှာ သုံးစွဲသူ ရှစ်သန်းအထိ ရောက်ရှိလာတဲ့အတွက် အံ့အားသင့်စရာ ဖြစ်လာပါတယ်။ဒီအရေအတွက်ဟာ လွန်ခဲ့တဲ့ တစ်နှစ်ထက် နှစ်ဆတိုးလာတာ ဖြစ်ပါတယ်။

ခုလို တိုးလာတဲ့ အကြောင်းကတော့ မြို့ပြနဲ့ အလှမ်းဝေးပြီး ဖိုင်ဘာလိုင်းတွေ မြန်နှုန်းမြင့် အင်တာနက်တွေမရနိုင်တဲ့ ကျေးလက်ဒေသက သုံးစွဲသူများနဲ့ ဒုတိယအချက်ကတော့ လေကြောင်းလိုင်းတွေလို စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ အကြီးစားပူးပေါင်းမှုတွေကြောင့် ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ အင်တာနက်တကယ်နှေးတဲ့ နေရာတွေမှာတောင် Starlink ကြောင့် High-speed Game တွေ ဆော့ကစားနိုင်တဲ့အထိ ဖြစ်လာခဲ့တာပါ။

မကြာခင်ကာလက British Airways နဲ့ Iberia တို့လို နာမည်ကြီးလေကြောင်းလိုင်းတွေကို ပိုင်ဆိုင်တဲ့ IAG က သူတို့ရဲ့ လေယာဉ်အစီးရေ ၅၀၀ က Starlink Wi-Fi ကို ၂၀၂၆ အစောပိုင်းကာလမှာ တပ်ဆင်တော့မယ်လို့ ကြေညာထားပြီး United Airlines နဲ့ Qatar Airways တို့လို လေကြောင်းလိုင်းတွေရဲ့ နောက်မှာ ထပ်တိုးလာတဲ့ အကြီးစားသဘောတူညီမှုတွေဖြစ်ပါတယ်။လက်ရှိဈေးကွက်မှာ Starlink ကို ယှဉ်နိုင်မယ့်သူ မရှိသေးဘူးလို့ ဆိုပါတယ်။

Space -X ဟာ ဂြိုဟ်တုပေါင်း ၈၀၀၀ ကျော် လွှတ်တင်ပြီး အာကာသကို စိုးမိုးထားပြီး အနီးစပ်ဆုံး ပြိုင်ဘက်ဖြစ်တဲ့ တရုတ်တို့ရဲ့ Guowang Network က ဂြိုဟ်တု ၁၀၀ ကျော်လောက်ပဲ လွှတ်တင်နိုင်ပါသေးတယ်။ Star-link ကတော့ ခုဆိုရင် Cellular Star စနစ်နဲ့ Smart Phone တွေ၊ Smart Watch တွေထိပါ တိုက်ရိုက်ချိတ်ဆက်နိုင်အောင် ဝန်ဆောင်မှုတွေ တိုးချဲ့နေပြီလို့ သိရပါတယ်။

(ATK)







### လက်ခြောက်ဖက်ပါ စက်ရုပ်တွေကို တရုတ်နိုင်ငံက စက်ရုံတွေမှာ စတင်အသုံးပြု

တရုတ်နိုင်ငံမှာ Miro U လို့ခေါ်တဲ့ ကမ္ဘာ့ပထမဆုံး လက်ခြောက်ဖက်ပါ လူတူစက်ရုပ်တွေကို စက်ရုံတွေမှာ စပြီးအသုံးပြုနေပါပြီ။ ဒီစက်ရုပ်တွေမှာ လက်တွေအများကြီး တပ်ထားတာကတော့ ရှုပ်ထွေးတဲ့ စက်မှုလုပ်ငန်းတွေအတွက် လူသားတွေ ဝင်ရောက်လုပ်ကိုင်စရာမလိုဘဲ သူ့အလိုအလျောက် လုပ်ဆောင်သွားနိုင်ဖို့ ဖြစ်ပါတယ်။ ဒီစက်ရုပ်တွေကို Midea ကုမ္ပဏီက စက်မှုလုပ်ငန်းရဲ့ ထုတ်ကုန်တွေအတွက် မျိုးဆက်သစ်စက်ရုပ်ဖြစ်လာပါတယ်။

တရုတ်နိုင်ငံ၊ ကျင်ကျိုးပြည်နယ်က စက်ရုံမှာ လူသားအလုပ်သမားတွေသာမကဘဲ Miro U လို့ခေါ်တဲ့ သူ့အလိုအလျောက် သွားလာလှုပ်ရှားနိုင်တဲ့ AMRs စက်ရုပ်တွေ၊ Kuka စက်ရုပ်စနစ်တွေနဲ့ပါ အလုပ်တွဲလုပ်နေပါတယ်။ အခုလက်ခြောက်ဖက်ပါတဲ့ စက်ရုပ်က တတိယမြောက်မျိုးဆက်ဖြစ်ပြီး ပစ္စည်းအတင်အချ လုပ်နိုင်စွမ်းရှိသလို ၃၆၀ ဒီဂရီလှည့်နိုင်ပါတယ်။

Miro U စက်ရုပ်တွေက လူသားတွေရဲ့ လက်တွေကို တုပပြီး ထုတ်လုပ်ထားတဲ့ ဇီဝယန္တရားလက်တံတွေကလည်း တိကျတဲ့ ထိန်းချုပ်မှုစနစ်တွေပါဝင်သလို လုပ်ရမယ့် အလုပ်အပေါ်လိုက်ပြီး လက်ထိပ်ဖျားပုံစံကို အမြန်ပြောင်းနိုင်စွမ်းရှိပါတယ်။ဒီစက်ရုပ်တွေက စက်ရုံတွေရဲ့ ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ၃၀ ရာခိုင်နှုန်း ထိရောက်တိုးတက်လာစေမယ်လို့ ဆိုပါတယ်။

(ATK)

# မန္တလေးလျှောင်နဲ့ ဌာပနာအမွေအနှစ်များ(၂၃)

ကျွန်တော်ဟာ အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီးမှာ မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များဆိုပြီး ခန်းဆက်ဆောင်းပါးတွေရေးသားပြီး အများပြည်သူကို ဗဟုသုတတွေ မျှဝေပေးနေခဲ့ပါတယ်။ အဲ့ဒီဆောင်းပါးတွေအားလုံးဟာ ငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရတဲ့ ဘုရား၊ ပုထိုး၊ စေတီတွေထဲက ထွက်ပေါ်လာတဲ့ ရှေးဘိုးဘေးများရဲ့ ထူးခြားတဲ့လက်ရာအမွေအနှစ်များကို သုတေသနရှုထောင့်ကနေ ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ကနဦးပိုင်းမှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေ အထွတ်အမြတ်ကောင်းမှုအဖြစ် ဘုရားစေတီတွေ တည်ဆောက်လှူဒါန်းကြတဲ့အခါ ထည့်သွင်းလေ့ရှိတဲ့ ဘုရားရုပ်ပွား ဆင်းတုတော်နဲ့ စေတီငယ်တွေ၊ ဗုဒ္ဓဝင်ရုပ်တုတွေ၊ သတ္တသတ္တာဟရုပ်တုတွေအပြင် နောက်ပိုင်းမှာတော့ ပြောင်းလဲလာတဲ့ အတွေးနဲ့တူ ထည့်သွင်းလှူဒါန်းလာတဲ့ အခြားသော ရုပ်လုံးရုပ်ကြွလေးတွေ ဘုရင်ရုပ်၊ ဘိုးတော်ရုပ်၊ အင်းအိုင် စသဖြင့် ထူးခြားတဲ့ရုပ်တုလေးတွေအကြောင်း စိတ်ဝင်စားဖွယ် ရေးသားတင်ပြခဲ့ပါတယ်။ အခုတင်ပြမယ့် ဆောင်းပါးကတော့ အဲ့ဒါတွေနဲ့ မတူဘဲ နည်းနည်းထူးခြားပါတယ်။အဲ့ဒါကတော့ မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ် ဝေဘူတောင်ခြေက မူလအလှူရှင် ပုဂံခေတ် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး အမရပူရခေတ်မှာ ပြန်လည်ပြုပြင်ခဲ့တဲ့ ဆည်တော်နံ ရွှေမုဋ္ဌောဘုရားအတွင်းက ငလျင်ကြီးကြောင့် ထွက်ပေါ်လာခဲ့တဲ့ ဌာပနာတွေထဲက ငွေဒင်္ဂါးလေးတစ်ခုအကြောင်း ဖြစ်ပါတယ်။ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ထွက်ပေါ်လာခဲ့တဲ့ ဌာပနာတွေထဲမှာ ကိုလိုနီခေတ် ငွေဒင်္ဂါးနဲ့ လွတ်လပ်ရေးရပြီး နောက်ပိုင်း ခေတ်အဆက်ဆက် ထုတ်ဝေခဲ့တဲ့ ပိုက်ဆံအကြွေစေ့မျိုးစုံကို တွေ့ခဲ့ရဖူးပါတယ်။ အဲ့ဒါတွေဟာ စိတ်ဝင်စားစရာ သိပ်မကောင်းလို့ မတင်ပြခဲ့ပါဘူး။ ဒါပေမဲ့ မြန်မာ့ရှေးခေတ်သုံး ဒင်္ဂါးများအကြောင်းကတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါပေမဲ့ အဲ့ဒါကိုရေးရင် ငလျင်နဲ့မဆိုင်ဘဲ သုတေသနစာလေးကြီးဖြစ်မှာစိုးလို့ အေးအေးဆေးဆေးမှပဲ တင်ပြမယ်လို့ စိတ်ကူးထားခဲ့တာပါ။

ဒင်္ဂါးအကြောင်းကို စာမြည်းအနေနဲ့ အကျဉ်းမျှ တင်ပြရရင် ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတင်ခေတ်ဦး ပျူခေတ်ကတည်းက ကျွန်တော်တို့ ဘိုးဘေးတွေဟာ ရွှေငွေနဲ့ ခတ်နှိပ်ထားတဲ့ ဒင်္ဂါးတွေ ပြုလုပ်သုံးစွဲခဲ့ကြတယ်ဆိုတာ ရှေးဟောင်းသုတေသနရဲ့ တူးဖော်မှု အစီရင်ခံစာတွေအရလည်းကောင်း၊ ထင်ရှားတဲ့ ပြင်ပသုတေသီအချို့ရဲ့ လေ့လာတွေ့ရှိချက်များအရလည်းကောင်း သိရှိခဲ့ကြပြီးဖြစ်ပါတယ်။ ပျူခေတ်နောက်ပိုင်း ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်နဲ့ ကုန်းဘောင်ခေတ်ဦးကာလများမှာတော့ ဒင်္ဂါးသုံးစွဲမှုကို မတွေ့ရသလောက်ပါပဲ။ ရှေးမြန်မာတွေဟာ ငွေဒင်္ဂါးသွန်းပြီး သုံးစွဲခြင်းထက် ငွေကိုအတုံးအခဲလိုက် ဖြတ်တောက်ချိန်တွယ်ပြီး သုံးစွဲခဲ့ကြတယ်လို့ သမိုင်းအထောက်အထားများအရ သိရှိခဲ့ရပြန်ပါတယ်။ "အနုတ်" ဆိုတဲ့ ငွေကြေးသုံးစွဲမှု ဝေါဟာရဟာ အလီလီဖြတ်တောက်ရာမှ ဖြစ်ပေါ်လာတဲ့ အပိုင်းအစလေးတွေကို ခေါ်တယ်ဆိုတာ အမှတ်တရပါပဲ။ အထူးသဖြင့် ငွေစင်ဘယ်လောက်ကျပ်သားဟာ ကြေးစင်ဘယ်နှပိဿာနဲ့ ညီမျှတယ်ဆိုတဲ့ အများသဘောညီစံနှုန်းနဲ့ ရောင်းဝယ်မှုပြုခဲ့ကြတယ်လို့ အထောက်အထားများအရ သိရပါတယ်။ ကုန်းဘောင်ခေတ်လယ် အမရပူရခေတ်မှာတော့ ဘိုးတော်ဗဒုံမင်း လက်ထက်မှာ နိုင်ငံခြားကနေ ဒင်္ဂါးသွန်းစက် မှာယူတင်သွင်းပြီး ငွေကြေးဒင်္ဂါးများသွန်းလုပ်လို့ အသုံးပြုစေခဲ့တယ် ဆိုသော်လည်း အောက်ခြေပြည်သူအများ သုံးစွဲသည်အထိ တွင်ကျယ်ခဲ့ဟန် မတူပါဘူး။ အထက်တန်းစား ရှင်ဘုရင်နဲ့ မှူးမတ်အဆင့်လောက်ပဲ အနည်းငယ် သုံးခဲ့ကြပါတယ်။ ဒါကြောင့်လည်း အမရပူရခေတ်သုံး ဒင်္ဂါးများကို ရံဖန်ရံခါလောက်သာ တွေ့ကြရတာပေါ့။ သို့သော် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်မှာ ကျူးကျော်သူ အင်္ဂလိပ်နယ်ချဲ့ကို ပထမစစ်ရှုံးပြီး စစ်လျော်ကြေးငွေ ငွေဒင်္ဂါးတစ်ကုဋေကို မနည်းဖန်တီးပြီး ပေးခဲ့ရတယ်ဆိုတာ သမိုင်းမှာ ဖတ်ရတော့လည်း ရင်ထဲမှာမချိအောင် ခံစားခဲ့ရပြန်ပါတယ်။ နောက်ပိုင်း ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်မှာတော့ နန်းတွင်းထဲက မြနန်းစံကျော်ရွှေနန်းတော်ကြီးရဲ့ အရှေ့မြောက်ဘက်ထောင့်မှာ ဒင်္ဂါးသွန်းစက်ရုံ တည်ဆောက်ပြီး ရွှေ ငွေ ကြေးခဲ ဒင်္ဂါးများသွန်းလုပ်ပြီး အမှုထမ်းလစာကအစ ပြည်သူအများ ရောင်းဝယ်ရေးအဆုံး ကျယ်ပြန့်စွာ သုံးစွဲခဲ့ကြပါတယ်။ ဒါပေမဲ့ သီပေါမင်းပါတော်မူပြီး ကိုလိုနီခေတ်မှာ မြန်မာ့ဒင်္ဂါးများဟာ ပါဝင်တဲ့သတ္တု စံမမီဘူးဆိုပြီး တဖြည်းဖြည်း ဖျက်သိမ်းပစ်ခဲ့ခြင်းခံရပြီး မြန်မာ့ဒင်္ဂါး တစ်ခန်းရပ်ခဲ့ရပါတယ်။

ကဲ…အခုတင်ပြမယ့် ဆောင်းပါးရဲ့အဓိက ငွေဒင်္ဂါးလေးအကြောင်းကို သွားကြရအောင်၊ ကျောက်ဆည်မြို့ ဝေဘူတောင်ခြေ ဆည်တော်နံစေတီအတွင်းက တွေ့ရတဲ့ ငွေဒင်္ဂါးလေးက မြန်မာ့ရှေးဟောင်းငွေဒင်္ဂါးမဟုတ်ဘဲ ရခိုင်ငွေဒင်္ဂါးလေး ဖြစ်နေပါတယ်။ မူလဒါယကာ ပုဂံခေတ် အနော်ရထာမင်းကြီးနဲ့ ဆက်စပ်မှုမရှိဘဲ နောက်ပိုင်းပြန်ပြုပြင်တဲ့ အမရပူရခေတ်နဲ့ ဆက်စပ်နေတာပါ။ ငွေဒင်္ဂါးလေးဟာ အချင်း ၂ ဒသမ ၈ စင်တီမီတာရှိပြီး အလေးချိန် ၇ ဒသမ ၅ ဂရမ်ရှိပါတယ်။ ဒင်္ဂါးရဲ့ မျက်နှာပြင် နှစ်ဖက်လုံးမှာ "၁၁၄၄ ရွှေနန်းသခင် မဟာသမတရာဇာ"လို့ ဖောင်းကြွသွန်းလောင်းထားပါတယ်။ ငွေဒင်္ဂါးလေးရဲ့ ထိပ်ပိုင်းမှာ အပေါက်လေးတစ်ခုပါနေတာကြောင့် ငွေကြေးအဖြစ် သုံးစွဲခြင်းထက် အမြတ်တနိုးအမှတ်တရ လည်မှာဆွဲခဲ့ဟန်တူပါတယ်။ လည်ဆွဲအဖြစ် ဆွဲထားခဲ့တဲ့သူဟာ ဒီငွေဒင်္ဂါးလေးနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်ပတ်သက်နေသူဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ အဲ့ဒီ ရခိုင်ငွေဒင်္ဂါးလေးရဲ့ သမိုင်းကြောင်းက ဒီလိုပါ။

မြန်မာတို့ဟာ ပျူခေတ်နောက်ပိုင်း ဒင်္ဂါးသွန်းခြင်းမရှိပေမယ့် ရခိုင်တို့ကတော့ အေဒီ ၄၀၀ ကနေ နောက်ဆုံးမင်းအထိ ငွေဒင်္ဂါးကို စဉ်ဆက်မပြတ် သွန်းခဲ့တာကို တွေ့ရပါတယ်။ အခုတွေ့ရတဲ့ ငွေဒင်္ဂါးလေးက ခရစ်သက္ကရာဇ် ၁၇၈၂ ခု၊ ရခိုင်သက္ကရာဇ် ၁၁၄၄ ခုနှစ် ရခိုင်ပြည် မြောက်ဦးမြို့တော်မှာ နန်းတက်ခဲ့တဲ့ဘုရင် မဟာသမတရာဇာနန်းတက်ခြင်း အမှတ်တရအနေနဲ့ သွန်းလောင်းခဲ့တဲ့ ငွေဒင်္ဂါးလေး ဖြစ်ပါတယ်။ သူရဲ့ အမည်က "လက်ဝဲမြန် သတိုးအောင်" ဖြစ်ပြီး သူဟာမင်းမျိုးရိုးလည်း မဟုတ်ပါဘူး။ သူ့ရှေ့က ဘုရင်ဖြစ်တဲ့ ဓမ္မရာဇ်ရာဇာမင်းရဲ့ တူမတော်ရဲ့ ခင်ပွန်းမျှသာ ဖြစ်ပါတယ်။ ထိုမင်းလွန်တဲ့အခါ လက်ဝဲမြန် သတိုးအောင်က နန်းတွင်းမှူးမတ်တွေကို စည်းရုံးပြီး ရခိုင်သက္ကရာဇ် ၁၁၄၄ ခုနှစ်မှာ နန်းတက်ခဲ့ပြီး "မဟာသမတရာဇာ"ဘွဲ့ ခံယူခဲ့ပါတယ်။ သူ့ကိုလည်း ပြည်သူအများ မနှစ်သက်ကြလို့ တိုင်းပြည်အဝန်း ဆူပူသောင်းကျန်းကြတဲ့အတွက် နှိမ်နင်းနေရခြင်းနဲ့သာ အချိန်ကုန်နေခဲ့ရပါတယ်။ အခုဒင်္ဂါးထဲမှာပါတဲ့ ရွှေနန်းသခင် မဟာသမတရာဇာဆိုတဲ့ ဘွဲ့ခံယူခြင်းကိုလည်း ကမ္ဘာတည်စဦးက သမုတ်အပ်သော မင်းအမည်ဖြစ်လို့ သမတဆိုတဲ့အမည်ကို မခံယူအပ်ကြောင်း ရဟန်းပညာရှိ၊ လူပညာရှိတို့က ဝိုင်းဝန်းပြီး လျှောက်ထားကြတဲ့အတွက် ၁၁၄၆ ခုမှာ နှစ်ကြိမ်မြောက် ဗေဓျာဘိသိက် ခံယူပြီး "ရွှေနန်းသခင် အဂ္ဂေါ ပုညာဓော ရာဇာ" ဘွဲ့ကို ခံယူခဲ့တယ်လို့ ရခိုင်ရာဇဝင်၌ တွေ့ရပါတယ်။ ဒါပေမဲ့ အဲ့ဒီဘွဲ့နဲ့ သွန်းလောင်းထုတ်လုပ်တဲ့ ငွေဒင်္ဂါးထဲမှာတော့ နန်းတက်နှစ် ၁၁၄၄ ခုနှစ်ကိုပဲ ထည့်သွင်းထားပါတယ်။ ဒါ့ကြောင့် ခုနှစ်တူ ၁၁၄၄ မှာပဲ "ရွှေနန်းသခင် မဟာသမတရာဇာ" ဘွဲ့အမည်ပါ ဒင်္ဂါးနဲ့ "ရွှေနန်းသခင် အဂ္ဂေါ ပုညာဓော ရာဇာ" ဘွဲ့အမည်ပါ ဒင်္ဂါးနှစ်မျိုးကို တွေ့နေရခြင်း ဖြစ်တယ်လို့ ရခိုင်သမိုင်းက ဆိုပါတယ်။ အဲ့ဒီလိုဖြစ်ရခြင်းဟာ ဒုတိယအကြိမ် ဗေဓျာဘိသိက်ခံယူတာ ၁၁၄၄ ခုမှာပဲ ဖြစ်တယ်လို့ဆိုကြသလို ၁၁၄၆ ခုမှာ ဘိသိက်ခံယူပြီး သက္ကရာဇ်ကိုတော့ နောက်ကြောင်းပြန်နဲ့ ရေးထိုးခဲ့တာဖြစ်နိုင်ကြောင်းလည်း ရခိုင်သမိုင်းများက ဖော်ပြထားကြပါတယ်။ မည်သို့ပင်ဆိုစေ အဲဒီမင်းဟာ မင်းရိုးမဟုတ်ဘဲ ငတပါးမင်းဖြစ်နေလို့ တိုင်းပြည်အဝန်း မငြိမ်မသက် ဆူပူသောင်းကျန်းကြပါတယ်။ နေရာ ၆ နေရာမှာ သူပုန်ဗိုလ် ၆ ဦး ပုန်ကန်လျက် ရှိနေပါတယ်။ ရခိုင်ပြည်တောင်ပိုင်း ရမ်းပြည့်ကျောက်ချောင်းသား စစ်ကဲဗိုလ်မင်း "ကျားရေဝတ်ကျော်ထွေး" သောင်းကျန်းနေလို့ မဟာသမတရာဇာမင်းက ယောက်ဖဖြစ်သူ "ဓားပိုင်ကြီး ကျော်ပုံ" အား အတိုက်ခိုင်းရာ လက်ဆောင်ပဏ္ဏာဆက်ပြီး အဝေးသစ္စာပဲ ခံယူပါတယ်။ ဒါကြောင့် အဲ့ဒီမင်းလက်ထက်ဟာ တိုင်းပြည် စည်းရုံးရေး ပြိုကွဲနေချိန်ဖြစ်တယ်ဆိုတာကတော့ အသေအချာပါပဲ။

အဲ့ဒီအချိန် မြန်မာတို့ရဲ့ အမရပူရ နေပြည်တော်မှာ ဘိုးတော်ဗဒုံမင်းနန်းစံနေချိန်ပေါ့။ နောက်ပြီး ဘိုးတော်ဟာ တတိယမြန်မာနိုင်ငံကြီးကို စည်းရုံးတည်ထောင်တဲ့ အလောင်းဘုရားရဲ့ စတုတ္ထသားတော်ပီပီ စစ်သွေးစစ်မာန် တက်ကြွနေသူလည်း ဖြစ်ပါတယ်။



ရခိုင်ငွေဒင်္ဂါး၏ မျက်နှာဖက်

ဒါကြောင့် ဗဒုံမင်းနန်းတက်ပြီး မြို့သစ်နန်းသစ် အမရပူရ နေပြည်တော်သစ်ကို တည်ဆောက်ပြီးချိန်မှာတော့ နောင်တော်ဆင်ဖြူရှင်လက်ထက် အောင်နိုင်ခဲ့တဲ့ အဝေးပြည်နယ်များ ထကြွသောင်းကျန်းလာလို့ စစ်ရေးအားဖြင့် နှိမ်နင်းခဲ့ပါတယ်။ ဒါပေမဲ့ သူ့နောင်တော်လိုတော့ အခါတိုင်း အောင်ပွဲရခဲ့သူတော့ မဟုတ်ခဲ့ပါဘူး။ သို့သော် သားတော်အိမ်ရှေ့မင်းနဲ့ ကာမမင်းသားတို့ ဦးဆောင်တဲ့ တပ်တော်များကို ရခိုင်ပြည်ကိုစေလွှတ်ပြီး ပုဂံခေတ်ကစလို့ ပင့်ဆောင်လို့ မရခဲ့တဲ့ မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင်စေခဲ့တဲ့ ခရီးကိုတော့ အောင်မြင်ခဲ့ပါတယ်။ ဒီအကြိမ် အောင်မြင်ခဲ့တာကလည်း ရခိုင်ပြည်မှာ အထက်ကတင်ပြထားတဲ့ ငတပါးမင်း မဟာသမတရာဇာခေါ် မဟာအဂ္ဂေါ ပုညာဓောရာဇာလက်ထက် တိုင်းပြည်က စည်းရုံးရေးပြိုကွဲပြီး မညီမညွတ် ဖြစ်နေချိန်ဆိုတော့ မြန်မာတို့ ၁၁၄၆ ခုမှာ အလွယ်တကူ အောင်မြင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီလို အောင်မြင်တဲ့အတွက် ရခိုင်ပြည်က မဟာမုနိနဲ့တကွ လက်ဆောင်ပဏ္ဏာတွေ သိမ်းယူပြီး အမရပူရ နေပြည်တော်ကို ဆောင်ယူခဲ့ကြပါတယ်။ ဒီတော့ အခုကျောက်ဆည် ဆည်တော်နံ ရွှေမုဋ္ဌောစေတီတော်ထဲက ဌာပနာတွေနဲ့အတူ တွေ့ရတဲ့ ရခိုင်ပြည်နောက်ဆုံးမင်း မဟာသမတရာဇာ နန်းတက်စက သွန်းလောင်းခဲ့တဲ့ ငွေဒင်္ဂါးဟာ အမရပူရက ရခိုင်စစ်မြေကို ပါဝင်ခဲ့သူတစ်ဦးရရှိခဲ့တဲ့ စစ်နိုင်ပဏ္ဏာဖြစ်နိုင်သလို အမရပူရမြေကို လိုက်ပါလာရတဲ့ ရခိုင်တစ်ဦးရဲ့ သူတို့ရဲ့ နောက်ဆုံးဘုရင် နန်းတက်စ အထိမ်းအမှတ် သွန်းလောင်းခဲ့တဲ့ ငွေဒင်္ဂါးကို အမှတ်တရသိမ်းဆည်းထားခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ မည်သို့ပင်ဖြစ်စေ အဲ့ဒီငွေဒင်္ဂါးကို အပေါက်ဖောက်ပြီး လည်မှာအမြတ်တနိုး ဆွဲခဲ့တာကတော့ အထက်ဖော်ပြပါ သုံးသပ်ချက်အပြင် ငွေဒင်္ဂါး ဖြစ်နေတာကလည်း အကြောင်းတစ်ချက် ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာရဲ့ အမှတ်တရပဲဖြစ်ဖြစ် ရခိုင်ရဲ့အမှတ်တရပဲဖြစ်စေ နောက်ဆုံးဘုရားပြုပြင်မှုနဲ့ ကြုံလာရတော့ ငွေဒင်္ဂါးအပေါ် စွဲလမ်းမှုနဲ့ တပ်မက်မှုဆိုတဲ့ တဏှာကိုစွန့်ပယ်ပြီး ကောင်းမှုကုသိုလ်အဖြစ် မြတ်ဘုရားကို ရည်မှန်းကာ လှူဒါန်းခဲ့တာကတော့ အသေအချာပါပဲ။ နောက်တစ်ချက်က ကျောက်ဆည်မြို့ ဝေဘူတောင်ခြေမှာ အမရပူရခေတ်က တည်ထားခဲ့တဲ့ အခုဒင်္ဂါးတွေ့ရတဲ့စေတီ အပါအဝင် အနီးအနားမှာ အမရပူရလက်ရာ အင်္ဂတေပန်းတော့တွေနဲ့ တည်ထားတဲ့ နဂါးရုံစေတီနဲ့ အခြားစေတီတွေ တွေ့ရတဲ့အတွက်လည်းကောင်း၊ ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲမှာလည်း အမရပူရခေတ်လက်ရာ ချိတ်ခံငွေဆင်းတုတော်နဲ့ အခြားရုပ်တုများအရလည်းကောင်း အခုလိုဆက်စပ်ပြီး သုံးသပ်ရခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုလို ငလျင်ကြီးနဲ့ ကြုံရချိန်မှာ ကျွန်တော်တို့ မျိုးဆက်သစ်တွေ ရခိုင်ဒင်္ဂါးကို မြန်မာ့မြေပေါ်မှာ လေ့လာခွင့်ရကြတာလို့ပဲ ဆိုပါရစေ၊ "အထောက်အထားများသည် သမိုင်းကိုပြောပြနေကြသည်"လို့ ရှေးပညာရှိကြီးများ ဆိုခဲ့ကြသလိုပဲ ကျွန်တော်တစ်တွေလည်း ဘုရားဌာပနာထဲက တွေ့လာရတဲ့ ငွေဒင်္ဂါးလေးတစ်ပြားကနေ ဆက်စပ်နေတဲ့ သမိုင်းကြောင်းကို သိခွင့်ရလိုက်တာကို ဗဟုသုတအဖြစ် တင်ပြလိုက်ရပါကြောင်း။

ကျမ်းကိုး။ ။ ရခိုင်ဒင်္ဂါးများ - ဦးစံသာအောင်
မှန်နန်းရာဇဝင်တော်ကြီး

ရက္ခိတ(ရှေး/သု)

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း ကျင်းပ

**မကွေး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်(မကွေး) ကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ၊ ဗဟုသုတများစွာရရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show)အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပညာရေးဒီဂရီကောလိပ်ကျောင်းပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးပညာရေးဒီဂရီကောလိပ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show)ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ စကားဝိုင်းတွင် မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ပညာရေးဒီဂရီကောလိပ်ကျောင်းမှ စတုတ္ထနှစ်(ဒုတိယနှစ်ဝက်)မှ ကျောင်းသား၊ ကျောင်းသူများဖြစ်သော မဖြူဝတ်ရည်ခိုင်၊ မငြိမ်းငြိမ်းအေး၊ မစံပယ်မိုး၊ မောင်ရဲရင့်မှူးတို့က စာရေးဆရာမခင်ဆွေဦး၏ ဒို့တိုင်းဌာနီ စာအုပ်ပါ အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းအိမွန်(ပြန်ဆက်)**

၀-၀-၀-၀-၀-၀

## အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာပေးလုပ်ငန်းများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက စံပြရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။



ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြရာ မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်နှင့် ဒုတိယဦးစီးမှူး ဒေါ်သဲဖြူတို့က ရှင်းလင်းပြသကြသည်။ (ဝဲပုံ)

ထို့နောက် ကျောင်းရှေ့ မြေကွက်လပ်တွင် အသိပညာပေးဟောပြောပွဲကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဖြူက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကလေးအလုပ်သမားပပျောက်ရေး အကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ စာပေဖတ်ရှုလေ့လာခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် Grade-3, Grade-4, Grade-5 မှ ကျောင်းသား၊ ကျောင်းသူလေးများအား သုတ၊ ရသစာအုပ်များဖြန့်ဝေ၍ စာဖတ်ဝိုင်းဖွဲ့ ဖတ်ရှုလေ့လာပြီး ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်စေခဲ့သည်။

အဆိုပါ နံရံကပ်စာစောင်ပြပွဲ၊ အသိပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၅၆)



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်

### မေတ္တာစမ်းရေ မွေးမေမိခင်

* နို့ချိုစို့စဉ် မေ့ရင်ခွင်ဝယ်
ရင်ဘတ်မျက်နှာ ကြောက်ကန်ပါလည်း
ကြင်နာလျက်ပင် မွေးမိခင်။

* ပြေးဆော့ကစား အဖော်များနှင့်
ကစားလွန်ဆဲ မေမာန်မဲသော်
ဆဲရေးတိုင်းထွာ ပြုမူပါလည်း
ကြင်နာလျက်ပင် မွေးမိခင်။

* ချိန်ခါရွယ်ရောက် လူလားမြောက်သော်
အော်ငေါက်မာန်မဲ ဆန့်ကွဲလည်း
ချစ်မြဲသာပင် မွေးမိခင်။

* ကျောင်းနေခဲ့စဉ် ဟိုယခင်က
သင်ခန်းစာအုပ် ဗလာစာအုပ်နှင့်
နတ်မှတ်ဘောလ်ပင် လိုခဲ့စဉ်က
ဆံပင်ရောင်းကာ ပေးခဲ့ရှာသည်
မာတာမိခင် ကျေးဇူးရှင်။

* ပညာဂုဏ်ရည် ထွန်းလင်းပြောင်လျက်
အိမ်ထောင်လည်းကျ ခွဲခွာရလည်း
ဖေးမလျက်ပင် မွေးမိခင်။

* သားသမီးအချစ် မြေးအနှစ်မို့
မြေးချစ်ကလေး ဦးစွာမွေးသော်
ထွေးပိုက်ခေါ်ငင် မွေးမိခင်။

* သြော်··· လောကမြေလွှာ ဤကမ္ဘာဝယ်
မေတ္တာစမ်းရေ စီးဆင်းနေသည့်
မွေးမေမိခင် ကျေးဇူးရှင်ကို
ဦးတင်လက်မိုး ကျွန်ရှိခိုးသည်
မိုးမြေနှံ့ထိ သိစေသား။ ။

**အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများထောက်ပံ့ပေးအပ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းဆောင်ရွက်

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများထောက်ပံ့ပေးအပ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပမည့် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ခြင်းနည်းစနစ်များ သင်ကြားခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများထောက်ပံ့ပေးအပ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းသို့ မြို့နယ်မီးဘေးလုံခြုံရေးဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ထို့နောက် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က ရွေးကောက်ပွဲကျင်းပမည့် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ခြင်းနည်းစနစ်များ သင်ကြားခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တပ်ဖွဲ့ဝင်များက စိတ်ဝင်တစား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# အီရတ်နှင့် ပါကစ္စတန်ကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

အီရတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေးတို့အတွက် အီရတ်သမ္မတ အဗ္ဗဒုလာတဒ်ရာရှစ်နှင့် ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီတို့ ဒီဇင်ဘာ ၂၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

လက်ရှိဖြစ်ပွားနေသည့် တင်းမာမှုများလျှော့ကျရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးတို့အတွက် ချိန်ညှိဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းများ၏ အရေးပါပုံကို တာဝန်ရှိသူနှစ်ဦးကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အီရတ်အနေဖြင့် ပါကစ္စတန်နှင့် ယဉ်ကျေးမှု၊ သိပ္ပံနှင့်စီးပွားရေးနယ်ပယ်၊ ရေကြောင်းသွားလာရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အီရတ်သမ္မတက ပြောသည်။

ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။ မိမိတို့နှစ်နိုင်ငံကြား သမိုင်းတွင်သည့် ဆက်ဆံရေးတည်ရှိခဲ့ခြင်းကို ဂုဏ်ပြုကြောင်းနှင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားအတွက် အီရတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုမြှင့်တင်မည်ဟု ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီက ပြောသည်။



ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီသည် ဘဂ္ဂဒက်မြို့သို့ ဒီဇင်ဘာ ၂၀ ရက်တွင် ရောက်ရှိခဲ့သည်။
တရားဝင်အလည်အပတ်ခရီးအဖြစ် အီရတ်နိုင်ငံ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



## အဲဘတ်စ်နှင့် ရှန်ဟိုင်းစပေ့ဆေးလ် နည်းပညာကုမ္ပဏီတို့အကြား စီးပွားရေးသုံး ဂြိုဟ်တုများ လုပ်ငန်းလည်ပတ်မှု နယ်ပယ်ချဲ့ထွင်

**ပေကျင်း ဒီဇင်ဘာ ၂၂**

အဲဘတ်စ်ကုမ္ပဏီနှင့် တရုတ်အခြေစိုက် ရှန်ဟိုင်းစပေ့ဆေးလ် နည်းပညာကုမ္ပဏီတို့အကြား နောက်ဆုံးအဆင့် လက်မှတ်ရေးထိုးလိုက်သည့် ပူးပေါင်းဆောင်ရွက်မှုသည် စပေ့ဆေးလ်၏ ချန့်ဖန်ဂြိုဟ်တုကွန်ရက်ကဲ့သို့ တရုတ်နိုင်ငံထုတ် စီးပွားရေးသုံးဂြိုဟ်တုများ၏ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းလည်ပတ်မှုနယ်ပယ်ကို ချဲ့ထွင်ရန် ခြေလှမ်းသစ်တစ်ရပ် ဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်ဖက်အကြား ချုပ်ဆိုခဲ့သော ဈေးကွက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ စပေ့ဆေးလ်ကုမ္ပဏီသည် ၎င်းတို့၏ ချန့်ဖန်ဂြိုဟ်တုကွန်ရက်ကို အဲဘတ်စ်ကုမ္ပဏီ၏ လေယာဉ်ပေါ်ပါ မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်အတွင်းသို့ ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်သည်။

ယင်းလုပ်ဆောင်ချက်သည် လေကြောင်းလိုင်းများအတွက် မြန်နှုန်းမြင့်ပြီး ကြန့်ကြာမှုနည်းပါးသော ဘရော့ဒ်ဘန်းဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်နှင့် ခရီးသည်များ၏ လေယာဉ်စီးနင်းမှုအတွေ့အကြုံကို မြှင့်တင်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

ချန့်ဖန်ဂြိုဟ်တုကွန်ရက်သည် ပုံမှန်ကွန်ရက်ချိတ်ဆက်မှုအဆင့်သို့ စတင်ဝင်ရောက်သည့် တရုတ်နိုင်ငံ၏ ပထမဆုံးသော ကမ္ဘာပတ်လမ်းနိမ့် စီးပွားရေးသုံး ဂြိုဟ်တုအစုအဝေးကြီး ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ပထမဆုံးသော ကွန်ရက်ချိတ်ဆက်သော ဂြိုဟ်တု ၁၈ လုံးကို စတင်လွှတ်တင်ခဲ့ပြီးနောက် ယခုနှစ်အောက်တိုဘာတွင် နောက်ဆုံးအသုတ်အပါအဝင် ငါးကြိမ်ထပ်မံလွှတ်တင်ခဲ့ရာ လက်ရှိတွင် ပတ်လမ်းအတွင်း၌ ဂြိုဟ်တုပေါင်း ၁၀၈ လုံးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**Mon**

INTERNATIONAL
NEWS
နိုင်ငံတကာသတင်းများ

## ထိုင်းနိုင်ငံ၏ နိုဝင်ဘာလအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှု ယခင်နှစ်ကာလတူထက် ၁၁ ဒသမ ၀၆ ရာခိုင်နှုန်း မြင့်တက်လာ

**ဘန်ကောက် ဒီဇင်ဘာ ၂၂**


ထိုင်းနိုင်ငံ၏ နိုဝင်ဘာလအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူထက် ၁၁ ဒသမ ၀၆ ရာခိုင်နှုန်း မြင့်တက်လာပြီး စီးရေပေါင်း ၁၃၀၂၂၂ အထိ ရှိလာသည်ဟု ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်က ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မြင့်တက်လာမှုသည် အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့သည့် ၁၄ ဒသမ ၁၇ ရာခိုင်နှုန်း တိုးတက်မှုနောက်ပိုင်း ဆက်တိုက်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ပြည်တွင်းရောင်းအားသည်လည်း နိုဝင်ဘာလတွင် ၂၀ ဒသမ ၆၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယခင်လကလည်း ၂၅ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံး မော်တော်ယာဉ်ထုတ်လုပ်မှုဗဟိုချက်ဖြစ်ပြီး တိုယိုတာနှင့် ဟွန်ဒါကဲ့သို့သော ကမ္ဘာ့ထိပ်တန်း ကားထုတ်လုပ်ရေးကုမ္ပဏီများအတွက် အဓိကပို့ကုန်အခြေစိုက်စခန်းတစ်ခုလည်း ဖြစ်သည်။

ယင်းကဲ့သို့ ထုတ်လုပ်မှုကိန်းဂဏန်းများ တိုးတက်လာသည်ကို မြင်တွေ့ရခြင်းကြောင့် ပိုမိုစိတ်အေးသွားရသည်ဟု ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ မော်တော်ယာဉ်လုပ်ငန်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆူရာဖုန်း ပိုင်ဆစ်ပတ္တနာဖုန်းက ပြောကြားကြောင်း သိရသည်။

**Mon**





## နှစ်ကူးအားလပ်ရက်များ ရောက်ရှိရန် ရက်အနည်းငယ်အလိုတွင် အမေရိကန်အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

နှစ်ကူးအားလပ်ရက်များ ရောက်ရှိရန် ရက်အနည်းငယ်အလို ဒီဇင်ဘာ ၂၀ ရက် စနေနေ့တွင် ခရစ္စမတ်သီတင်းပတ်အတွင်း အမေရိကန်ပြည်သူ သန်းပေါင်းများစွာအပေါ် သက်ရောက်မှုရှိနိုင်သည့် မိုးလေဝသသတိပေးချက်အသစ်များကို အမျိုးသားမိုးလေဝသဌာနနှင့် အခြားမိုးလေဝသပညာရှင်များက ထုတ်ပြန်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ခရစ္စမတ်ကာလသည် ခရီးသွားလာမှု အများဆုံးအချိန်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ အားလပ်ရက်ကာလအတွင်း နေအိမ်မှ မိုင် ၅၀ ကျော်အကွာသို့ သွားရောက်ကြမည့် အမေရိကန်ပြည်သူ ၁၂၂ ဒသမ ၄ သန်းအပေါ် အဆိုပါမိုးလေဝသသတိပေးချက်များက သက်ရောက်မှုရှိမည်ဖြစ်သည်။

ယခုနှစ် အားလပ်ရက်ခရီးသွားလာမှုသည် ပြီးခဲ့သည့်နှစ်ထက် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားပြီး ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလာမည့် အမေရိကန်ပြည်သူအရေအတွက်သည် ယခင်နှစ်က စံချိန်တင်ခဲ့သော ၁၁၉ ဒသမ ၇ သန်းထက် ၂ ဒသမ ၂ ရာခိုင်နှုန်းခန့် ပိုမိုများပြားလာမည်ဖြစ်သည်။

လာမည့်သီတင်းပတ်အတွင်း အမေရိကန်တစ်ဝန်း၌ အေးခဲမှုနှင့် နှင်းကျမှုများ လျော့နည်းသွားမည်ဟု အမျိုးသားမိုးလေဝသဌာန၏ သုတေသနပြုချက်အရ သိရပြီး အနည်းဆုံး ပြည်နယ် ၁၂ ခုတွင် သမိုင်းတစ်လျှောက် အပူအနွေးဆုံး ခရစ္စမတ်ကာလတစ်ခု ဖြစ်လာရန် ရှိနေသည်။

သို့သော်လည်း နိုင်ငံ၏ အချို့သောဒေသများတွင် နှင်းကျခြင်းနှင့် အခြားအန္တရာယ်ရှိသော မိုးလေဝသအခြေအနေများ ဆက်လက်သက်ရောက်နိုင်ဆဲဖြစ်ကြောင်း သိရသည်။

**Mon**

## တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့အနီးရှိ မြို့နယ်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ လူကိုးဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိ

**ကိပ်တောင်း ဒီဇင်ဘာ ၂၂**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့အနီးရှိ မြို့နယ်တစ်ခု၌ လက်နက်ကိုင်ဆောင်ထားသူများ ယမန်နေ့က အရက်ဆိုင်တစ်ဆိုင်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အနည်းဆုံး လူကိုးဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂေါတန်ဒေသ အပြင်းအထန်ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ရာဇဝတ်မှုဆိုင်ရာ ခြေရာခံဖော်ထုတ်ရေးယူနစ်နှင့် ပူးပေါင်းကာ အဆိုပါပစ်ခတ်မှုတွင် ပါဝင်သူများကို လိုက်လံရှာဖွေလျက်ရှိပြီး ယင်းဖြစ်စဉ်သည် ဘက်ကာဒေါလ်မြို့နယ်အတွင်း ဒီဇင်ဘာ ၂၁ ရက် နံနက် ၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

တောင်အာဖရိကနိုင်ငံတွင် ယခုလ အစောပိုင်းကလည်း မြို့တော် ပရီတိုးရီးယားအနီးရှိ လိုင်စင်မဲ့အရက်ဆိုင်တစ်ခုတွင် သံသယရှိသူ အများအပြားက လူအစုလိုက်အပြုံလိုက် ပစ်ခတ်မှုကြောင့် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အနည်းဆုံး လူ ၁၂ ဦး သေဆုံးခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်က ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတွင် အမည်မသိ တိုက်ခိုက်သူများက အရက်ဆိုင်အတွင်းရှိ ဖောက်သည်များနှင့် ဆိုင်အပြင်ဘက် လမ်းမပေါ်ရှိ လူများကိုပါ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**Mon**





# အကြင်နာ၊ မေတ္တာဖြင့် ထုံမွှမ်းသော သူတို့လေးတွေ ဖြစ်စေဖို့

စာရေးသူ ကလေးများကို ချစ်သည်။ ဘာကြောင့် ချစ်သနည်း၊ သဘာဝတရားကြောင့်၊ ကျွန်တော့် နှလုံးသားကြောင့်ဟုပင် ဆိုရမည်။

**ချစ်တတ်သည့်နှလုံးသား**

သဘာဝတရားအရ လူသားအချင်းချင်း ကြင်နာမှု၊ ရိုင်းပင်းကူညီဖေးမမှု၊ စောင့်ရှောက်လိုမှုသည်၊ မေတ္တာစိတ်ဖြင့် လွှမ်းခြုံပေးလိုမှုတို့သည် လူသားတိုင်းလိုလိုတွင် မွေးကတည်းက ဗီဇမျိုးစေ့အဖြစ် ပါလာသည်ဟု စာရေးသူယူဆမိသည်။ ယင်းမှာ လူတို့၏ စိတ်နှလုံးသားအချင်းချင်းတွင် မေတ္တာလှိုင်းများ ကူးစက်ယှက်နွယ်နေမှုကြောင့်ဟုလည်း ထင်မိပါသည်။ ပါးကွက်အာဏာသား၊ လူသတ်သမားကြီးတွေပင် သူ့ဇနီး၊ သားသမီးအပေါ်တော့ ချစ်ကြမှာ ဖြစ်ပါသည်။

နှလုံးသားကြောင့်ဟု ဆိုရတာကတော့ လူတိုင်းကိုယ်စီ ခံစားတတ်သော နှလုံးသားတွေပါရှိနေလို့ပါပဲ။ သို့ရာတွင်မူ လူအချင်းချင်းပဲဖြစ်ဖြစ်၊ တိရစ္ဆာန်လေးတွေကိုဖြစ်ဖြစ်၊ သစ်ပင်ပန်းပင်တွေကိုဖြစ်ဖြစ် ချစ်တတ်၊ ယုယတတ်၊ စောင့်ရှောက်တတ်သော နှလုံးသားအတိုင်းအဆကတော့ တစ်ဦးနှင့်တစ်ဦး တူကြမည်မထင်ပါ။

စာရေးသူကတော့ အရာရာကို ချစ်တတ်၊ ကြင်နာတတ်သည့် နှလုံးသား သာမန်ထက်တော့ နည်းနည်းပိုသည်ဟု ထင်မိသည်။ ယင်းအချက်ကို စာရေးသူသည် သူ၏ 'ဆောင်းပါးပေါင်းချုပ်' စာအုပ်ပါ 'သစ်တောသစ်ပင်တို့ချစ်ခင်' ဆောင်းပါးတွင် စာရေးသူသစ်ပင်တွေကို ချစ်တတ်ပုံကို ဖော်ပြခဲ့သည်။ 'သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပစိမ်းမြမြ' ဆောင်းပါးရေးသားပြီးခဲ့သော်လည်း ဖော်ပြခြင်း မခံရသေးပါ။ ထိုဆောင်းပါးမှ စာပိုဒ်အချို့ကို ထုတ်နုတ်ဖော်ပြရပါလျှင်-

နံနက်ခင်း နေခြည်အလှတွင် နှင်းရည်ဆမ်းထားသည့် မြက်ပင်လေးများနှင့် ကိုင်းပင်ရှည်များ၊ အပွင့်အနံ့များသည် မြရည်ဆမ်းထားသည့်အလား မြင်ရသည်မှာ အေးချမ်းပါဘိ။ ဝန်းကျင်သစ်ပင်သစ်အုပ်များဆီမှ ငှက်ကလေးများ၏ ဘာသာဘာဝ ကျီ…ကျီမြည်သံလေးများ။ ဘုတ်ငှက်၏ ကူး-ကူ၊ ကူး-ကူ ဆိုသည့်အသံတို့သည် လောကအလှကို ဆင်နေကာ ကြားရသူတို့အတွက် စိတ်ကို ကြည်လင်လန်းဆန်းစေတော့၏။

**လှပငြိမ်းချမ်းတဲ့ကမ္ဘာ**

စာရေးသူသည် ကမ္ဘာမြေကို ချစ်သည်။ ဘာကြောင့်ပါနည်း၊ စာရေးသူရဲ့ မိခင်ဖခင်နဲ့ အဘိုးအဘွား၊ အဲ့ဒီ အဘိုးအဘွားတွေရဲ့ မိဘတွေ အားလုံးဟာ ဒီကမ္ဘာမြေမှာပဲ မွေးဖွားကြသည်။ ခေါင်းချခဲ့ကြသလို လူသားအားလုံးနဲ့ သတ္တဝါအားလုံးတို့ဟာ ဒီကမ္ဘာကြီးပေါ်မှာပဲ မွေးဖွားကာ ဒီမြေပေါ်မှာပဲ ရှင်သန်ရပ်တည်ကြရသည်။ ဒီမြေပေါ်ကထွက်တဲ့ အသီးအနှံ၊ စပါး၊ ဂျုံ၊ ပြောင်း၊ အာလူးတို့ကိုစားပြီး ဒီမြေပေါ်က ရေကိုသောက်ကာ ဒီမြေပေါ်မှာပင် ခန္ဓာပြန်ချ အဆုံးသတ်ကြရသည်။

ထို့ပြင် ဒီကမ္ဘာမြေကြီးက စာရေးသူတို့လူသားနဲ့ သတ္တဝါတွေရှင်သန်ဖို့ရန် လတ်ဆတ်တဲ့လေ(အောက်ဆီဂျင်ပြည့်ဝတာ)ကို ဖန်တီးပေးထားသည်။ မြစ်ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာတွေမှာ ရေရှိဖို့ မြေအောက်ရေရှိဖို့ ငါး၊ ပုစွန်၊ ဖားကလေးတွေ ရှင်သန်ကူးခတ်ဖို့ မိုးကို ဖန်တီးပေးထားသည်။ အလှည့်ကျ နွေး၊ အေး၊ ပူအောင်နွေ၊ မိုး၊ ဆောင်းရာသီတွေ ဖန်တီးပေးထားသည်။

သစ်တောသစ်ပင်များနဲ့ စိမ်းလန်းတဲ့ကမ္ဘာ၊ အပြာရောင်ယှက်သန်းတဲ့ ပင်လယ်သမုဒ္ဒရာနဲ့ ကောင်းကင်ကြီးရှိတဲ့ကမ္ဘာ၊ လေထုနဲ့ တိမ်တိုက်တွေရစ်သိုင်း၊ ဝန်းပတ်ထားတဲ့ကမ္ဘာ၊ ငှက်ကလေးတွေနဲ့ လိပ်ပြာလေးတွေပျော်တဲ့ကမ္ဘာ၊ မျိုးစေ့တွေ ပေါက်ဖွားရှင်သန်ခွင့်ရရာ၊ သစ်၊ ဝါး၊ နွယ်ပင်တွေ ရှင်သန်ခွင့်ရရာ သည်ကမ္ဘာမြေဟာ သိပ်ပြီး ချစ်ဖို့ကောင်းတဲ့ ကမ္ဘာကြီးပါလား။

နေလုံးကြီး ထွက်ချိန်၊ ဝင်ချိန်နဲ့၊ မိုးစက်မြူမှုန်တွေကျတဲ့အခါတွေမှာ အရောင်မျိုးစုံ၊ မြင်ကွင်းပေါင်းစုံနဲ့ လူနဲ့သတ္တဝါလေးတွေ ပျော်ရွှင်အောင် အပြောင်းအလဲတွေနဲ့ ဖန်တီးပေးထားပါတဲ့ အို…သိပ်လှတဲ့ ကမ္ဘာကြီးပါလား။

ဒီအချက်တွေကြောင့် စာရေးသူ ကမ္ဘာကြီးကို ချစ်သည်။ စာရေးသူချစ်တာ မဆန်းတော့ပါ။ စာဖတ်သူတွေအားလုံးလည်း ချစ်ကြမည်ထင်ပါသည်။ ချစ်ပုံအနည်းအများသာ ကွာခြားကြပါမည်။ ဒါဆိုရင် စာရေးသူနဲ့ ကမ္ဘာမြေသားအားလုံး စာရေးသူတို့ကို ထမ်းပိုးရပ်တည်ပေးထားတဲ့ ကမ္ဘာမြေရှင်သန် အသက်ရှည်ဖို့ အားလုံးမှာ တာဝန်ရှိကြတယ်ဆိုတာ အခိုင်အမာသက်သေဖြစ်နေပါပြီ။

**စာရေးသူချစ်တဲ့ ကလေးများ**

ကလေးများကို စာရေးသူချစ်သည်။ ကလေးများ၏ ပကတိနှလုံးသားသည် ကြိုက်ရင်ကြိုက်တယ်။ မကြိုက်ရင်၊ မကြိုက်ဘူး ပြောသည်။ ရိုးသားဖြူစင်လှသည်။ သူတို့လိုချင်တာ မရလျှင်ငိုမည်။ သူတို့ကို ကြင်နာသူ၊ ချစ်သူကို သူတို့ပြန်စုံမင်ချစ်ခင်သည်။ အားကိုးကြသည် မဟုတ်ပါလား။ သူတို့သည် ဟန်ဆောင်တတ်သူများ မဟုတ်ကြ၊ အဲ့ဒါက ကိုသိပ်ချစ်ဖို့ကောင်းသည်။

မွေးကင်းစမှ အသက် ၁၀ နှစ်လောက်ထိ ကလေးများသည် သူတို့စိတ်ထဲ၊ ရင်ထဲရှိတာကို မကွယ်မဝှက် ဖော်ပြတတ်ကြသည်။ လိုချင်တာရှိရင်တောင်းသည်။ ပွင့်လင်းသောနှလုံးသားကို သူတို့ပိုင်ဆိုင်ထားကြသည်။ ကလေးတို့နဲ့ လူမမယ်လေးတွေရဲ့ အသံသည် တကယ့်ကို အရောင်လွှမ်းမိုးမှုမပါ၍ နားထောင်ချင်စဖွယ် ဆည်းလည်းသံလေးများပင်ဖြစ်သည်။

**စာရေးသူချစ်တဲ့ 'အဝင်း'ဆိုတဲ့ကလေး**

သူနှစ်နှစ်ကျော်၊ သုံးနှစ်သားလောက်က စာရေးသူက ငါးဆယ်ကျော်အဘိုးအရွယ်၊ သူ့နာမည်မှာ 'ဝင်'ပါ၍ အဘိုးအဘွားတွေက 'အဝင်း' လို့ခေါ်သည်။ ဒီတော့ စာရေးသူကလည်း သားလေးရေ၊ အဝင်းရေဟုပဲ ခေါ်သည်။ သူ့ကို စာရေးသူ ကရုဏာသက်မိတာက-

သူ 'အဝင်း' လေးကို မွေးပြီး ခြောက်လလောက်ပဲ သူ့မိဘနှစ်ဦးလုံးက ထိုင်းနိုင်ငံ၊ မြို့တစ်မြို့မှာ အလုပ်သွားလုပ်နေကြသည်။ တစ်နှစ်တစ်ခါတောင် သူ့မိဘတွေက ပြန်မရောက်တတ်၊ ကလေးစရိတ်ကိုတော့ ပို့ပေးကြပါသည်။ ဒီတော့ သူ့မှာ အဘိုးအဘွားလက်ထဲပဲ ကြီးပြင်းရ၊ ပျော်ရရှာသည်။ နာမည်နဲ့လိုက်အောင် အဝင်းလေးမှာ အသားဖြူဖြူဝင်းဝင်း၊ ဖွံ့ဖွံ့ထွားထွား ချစ်စရာလေးဖြစ်သည်။ စာရေးသူက သူ့အပေါ် တာတော့ စာရေးသူလက်မှာ သူက ပြန်တာသည်။ စာရေးသူကိုမြင်လျှင် အဝေးကနေပင် ဘဘ…ဘဘဟု လှမ်းခေါ်သည်။

သူတို့နေတာ တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်တွင်းက ဟိန္ဒားဆိုတဲ့ ရွာလေးမှာပါ။ စာရေးသူ အစိုးရအလုပ်က အနားယူပြီး အရပ်ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်ရာက ဟိန္ဒားသို့ ရောက်သွားခြင်းဖြစ်သည်။ စာရေးသူက ဟိန္ဒားတောင်ပေါ် သတ္တုလုပ်ကွက်မှာ၊ သူက တောင်အောက်ဈေးတန်းရွာထဲမှာ။ ကုမ္ပဏီက စာရေးသူကို ဂျစ်ကားတစ်စီးပေးထားတော့ ကျွန်တော့်ကားကို မြင်တာနဲ့ ဘဘ…ဘဘဟု လှမ်းခေါ်တော့သည်။ ရံခါသူ့အဘိုးက စာရေးသူရှိရာ လုပ်ကွက်ရုံးကို ခေါ်လာပေးတတ်သည်။ စာရေးသူနှင့် နာရီအတော်ကြာနေပြီးမှ ပြန်ဆင်းသွားသည်။ ခုဆိုရင် အဝင်းလေး ၁၀ နှစ်သားလောက်ရှိလို့ ကျောင်းတက်နေလောက်ပြီ။ စာရေးသူ အဝင်းကို လွမ်းနေတုန်းပါ။

**ပညာရေးမှူးလို့အထင်ခံရတဲ့ ဆရာကြီး ကျွန်တော်**

စာရေးသူသည် အဲ့ဒီထားဝယ်၊ ဟိန္ဒားမှာ ကုမ္ပဏီ GM အလုပ်ဖြင့်တာဝန်ထမ်းဆောင်ရင်း ပိုတဲ့အချိန်လေးတွေမှာ ဟိန္ဒားရွာနဲ့ ပတ်ဝန်းကျင်က ရွာလေးတွေ စာသင်ကျောင်းတွေကို သွားဖြစ်သည်။ ဟိန္ဒားရွာအမက၊ အထကနဲ့ မြောင်းကြီးရွာအမကတို့ကိုပါ။ ကလေးတွေကို ကဗျာတွေသင်၊ စာတွေသင် ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်ပြီး လိုအပ်တာတွေ ဟောပြောခဲ့ပါတယ်။ အထက်တန်းတွေကိုတော့ စာစီစာကုံးရေးခိုင်းပြီး ချက်ချင်းစစ်၊ ချက်ချင်းဆုချပေးခဲ့ပါတယ်။ ကလေးတွေ စိတ်ဝင်စားမယ့်၊ သူတို့ဘဝအသုံးချရမယ့် သုတ၊ ရသတွေ ပြောပြခဲ့တာ ကလေးတွေနဲ့ အတော်ရင်းနှီးခဲ့ပါတယ်။

စာရေးသူက သူတို့လေးတွေကို စာလည်းသင်၊ မုန့်လည်းကျွေး၊ ဆုတွေချပြီး ကွေကာ၊ လက်ဖက်ရည်တို့လည်း တိုက်တယ်။ ကလေးတွေကျောင်းသား၊ ကျောင်းသူတွေနဲ့ စုပေါင်းသန့်ရှင်းရေးလုပ်၊ သစ်ပင်စိုက်တာတွေလည်း လုပ်ဖြစ်ခဲ့ပါတယ်။ ကလေးတချို့က စာရေးသူကို မြို့ကလာတဲ့ ကျောင်းဆရာကြီးတစ်ဦးလို့ ထင်ကြတယ်။

ကလေးတစ်ဦး သူက နှစ်တန်းကျောင်းသူလေး၊ စာရေးသူ သူ့ကျောင်းမှာ စာသင်တဲ့ရက် တစ်ရက်ကပေါ့။ ညနေ သူမ ကျောင်းဆင်း၊ အိမ်ပြန်ရောက်တော့ သူ့မိဘတွေကို သူမက ပြောတာ ပြန်ကြားရတယ်။ဖေဖေ၊ မေမေ ဒီနေ့လေ သမီးတို့ကျောင်းကို မြို့က ပညာရေးမှူး ဆရာကြီးလာသွားတယ်။ သူက သမီးတို့ကို စာလည်းသင်၊ မုန့်လည်းကျွေးတယ်တဲ့။ စာရေးသူကို ဒီကလေးကလည်း ထင်မိမှာပဲလေ။ စာရေးသူက ကျောင်းတွေကိုသွားရင် အင်္ကျီအဖြူလက်ရှည်၊ ကော်လံကတုံးဝတ်တတ်တာကိုး။

ကလေးတွေဟာ စာရေးသူကို တစ်ကြိမ်နှစ်ကြိမ် မြင်ဖူးရုံနဲ့ မှတ်မိသွားကြတယ်။ ရွာထဲလမ်းပေါ်ဆုံတိုင်း၊ 'မင်္ဂလာပါ ဆရာကြီး' လို့ နှုတ်ဆက်သွားကြတယ်။ သူတို့အပြုံးမျက်နှာနဲ့ သူတို့စကားသံလေးတွေကို မြင်ရကြားရတိုင်း ကျွန်တော့်ရင်ထဲ လမင်းကြီးလာပြီး နွေးထွေးအေးမြနေသလိုပါ။

**ခြောက်လသားလေး ဘဝနိဂုံးနဲ့ မပြုံးနိုင်တဲ့ ကျွန်တော်**

စာရေးသူ လားရှိုးမြို့မှာ တာဝန်ထမ်းဆောင်ခဲ့တုန်း ၂၀၀၆ ခုနှစ်လောက်က ဖြစ်စဉ်လေးပါ။ စာရေးသူနဲ့ သမီးငယ်တိုက်ဖိုက်အသည်းရောင်အသားဝါဖြစ်လို့ စစ်ဆေးရုံကို သွားပြရတယ်။ သမီးကို သွားသွားကြည့်ရင်း တစ်ညမှာတော့-

ဆေးရုံပြင်ပလူနာဌာနကို မိခင်တစ်ဦး ရင်ခွင်ပိုက်ကလေးလေးကိုချီရင်း အမောတကော ရောက်လာတယ်။ သူမအနားမှာလည်း သုံးလေးဦးပါလာကြတယ်။ အားလုံးက စိုးရိမ်တကြီး မျက်နှာတွေနဲ့ ဆရာဝန်၊ ဆရာမတွေက သူတို့အုပ်စုကို စာရေးသူသမီးနဲ့ကပ်လျက်အခန်းကို ခေါ်လာတယ်။ ကလေးက အသံမထွက်ဘူး။ မျက်လုံးလေးက ပွင့်နေတယ်။ စာရေးသူလည်း ဘာဖြစ်လဲမသိဆိုပြီး စိုးရိမ်ပြီး လိုက်သွားကြည့်မိတယ်။

ကလေးက အသက်မရှူတော့ဘူးလို့ ဆရာဝန်က ပြောတယ်။ ဆရာဝန်၊ ဆရာမတွေက ကလေးရင်ဘတ်ကို ဖိ-ဖိ ပြန်လွှတ်ပေးပြီး ကလေးအသက်ပြန်ရှူအောင် ကြိုးစားလုပ်ကြတယ်။ ကလေးဟာ ဆေးရုံကို ရောက်လာကတည်းက သတိလစ်နေတာပါ။ ဆရာဝန်၊ ဆရာမတွေက နည်းမျိုးစုံ ကြိုးစားလုပ်ကြပေမယ့် ကလေးဟာ သတိပြန်မလည်လာတော့ပါဘူး။ ဖြစ်ရပ်ပုံက ကလေးဟာ ရုတ်တရုတ်လန့်ပြီး အလန့်လွန်ရာက သတိမေ့သွားတာလို့ သိရပါတယ်။

အဲ့ဒီရက်က တန်ဆောင်တိုင်လပြည့်ညလား၊ လပြည့်ကျော်တစ်ရက်လား စာရေးသူ ကောင်းကောင်းမမှတ်မိတော့ပါ။ လားရှိုးမြို့က ကလေးမိဘတွေနေတဲ့ ဝန်ထမ်းလိုင်းခန်းမှာပေါ့။ အပျော်သဘော အိမ်တွေမှာလိုက်ပြီး တံခါးဖွင့်ခိုင်း၊ မဖွင့်ရင် အိမ်ကို တဝုန်းဝုန်းထုကြနဲ့ မုန့်ဖိုးတောင်းကြတာဖြစ်မှာ။ အိမ်တံခါးကို တဝုန်းဝုန်းလာထုကြတော့။ အသံကကျယ်လွန်းတာမို့ အမေကလန့်နိုး၊ ရင်ခွင်ထဲက ကလေးပါ လန့်နိုးပြီး ကလေးက အလန့်လွန်သွားခဲ့တာတဲ့။ စာရေးသူက ပါလာသူတွေကို မေးကြည့်လို့ သိရတာပါ။

ဆေးရုံရောက်ရောက်ချင်းမှာ ကလေးဟာ အသက်ငွေ့ငွေ့လေးရှိပါသေးတယ်။ စာရေးသူက ဖြစ်စဉ်ကို ကြားရရင်း ကလေးအတွက် ရင်ထုမနာဖြစ်ရသလို ကျွန်တော့်မျက်ဝန်းစမှာ မျက်ရည်တွေ စို့လာတဲ့အထိပါပဲ။ သြော်…လူကြီးတွေ မဆင်မခြင်လုပ်ရပ်ကြောင့် ချစ်စရာကလေးလေးဟာ မဆီမဆိုင် အသက်ဆုံးရှုံးရတယ်။ စာရေးသူ ဝမ်းနည်းယူကျုံးမရဖြစ်ခဲ့ရပါတယ်။

စာရေးသူဟာ ကလေးကို ချစ်လွန်းလို့ သူ့လက်၊ နဖူး၊ ပါး၊ ခြေထောက်လေးတွေကို ကိုင်ကြည့်ပါတယ်။ အရာအားလုံးပူနွေးနေဆဲပါ။ ဆေးရုံရောက်မှပဲ အသက်ပါသွားတာနေမယ်။ ၁၅ မိနစ်လောက်ထိ သူ့အသားလေးတွေ ပူနွေးနေဆဲပါ။ ပြီးမှ တဖြည်းဖြည်းအေးသွားတယ်။ ကလေးရဲ့ မအေဖြစ်သူခမျာ သူ့ကလေးကို တစိမ့်စိမ့်ကြည့်၊ ဆရာဝန်၊ ဆရာမတွေကိုလည်း အားကိုးတကြီးကြည့်နဲ့ မျက်ရည်တွေသာ တတွေတွေ စီးကျနေတယ်။ စာရေးသူမှာ ဘယ်လိုမှ သည်မြင်ကွင်းလေးကို မမေ့နိုင်တော့ပါ။

ကလေးချစ်တတ်တဲ့ စာရေးသူ နှမြောတသမှုတွေ ရင်ဝယ်ပိုက်ရင်း အရွယ်မတိုင်ခင် လသားမှာပင် ခန္ဓာကို ပစ်ချ၊ ဘဝပြောင်းသွားတာကို သံဝေဂရခဲ့ပါတယ်။ 'အသက်ရှင်ခြင်းနဲ့ သေခြင်းဟာ လက်ဝါးတစ်ခုရဲ့ မျက်နှာပြင်နဲ့ကျောလိုပါပဲ၊ 'မနက်အကောင်း ညအလောင်း' ဘာမှ မမြဲပါလားလေ။

ခြုံပြောရရင်တော့ အားလုံးဟာ သေလူချည်းပေမယ့် အတွေ့အကြုံရှိကြတဲ့ လူကြီး၊ ဆရာ၊ မိဘ၊ ကိုကို၊ မမ၊ ဦးလေး၊ ဒေါ်ဒေါ်တို့က ကိုယ့်မိသားစုထဲက ကလေးကိုသာမက မိမိနဲ့ ထိစပ်ရာပတ်ဝန်းကျင်က 'ကလေး၊ လူမမယ်လေးတွေကို 'မကောင်းမှေတ္တာ ကောင်းရာညွှန်လတ်' ဆိုသလို 'သူတို့ဘဝလေးတွေ ကျန်းမာ၊ ပညာပြည့်စုံဖို့၊ အသိကောင်း၊ အလေ့အကျင့်ကောင်းတွေရှိလာစေဖို့ မေတ္တာ၊ အကြင်နာနဲ့ စေတနာလုပ်ရပ်နဲ့ ဖြည့်ဆည်းပေးကြပါလို့' နှိုးဆော်ရင်း ကလေးတွေကို ချစ်ကြင်နာပြီး ကောင်းတဲ့ မှန်ကန်တဲ့လမ်းကြောင်းကို ဝိုင်းဝန်းပြုပြင်တင်ပေးကြပါလို့ ဆန္ဒပြုလိုက်ရပါတယ်။

**ရေချမ်း(မန်း)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ကေနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ကေ အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁)၊ အလွှာ(၆)၊ အခန်းအမှတ်(၆၀၃)၊ (၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဦးနော်ဒီး(ဘ)ဦးကရိန်နော် (၁/မကန(နိုင်)၀၁၇၆၂၁)ထံမှ ဒေါ်မြမြစိမ်း(ဘ)ဦးချမ်ရုန်ကျိန်(ခ)သိန်းအောင်(၁/မကန(နိုင်)၀၀၀၁၁၉)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ကေနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ကေ အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁)၊ အလွှာ(၆)၊ အခန်းအမှတ်(၆၀၂)၊ (၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဦးနော်ဒီး(ဘ)ဦးကရိန်နော် (၁/မကန(နိုင်)၀၁၇၆၂၁)ထံမှ ဒေါ်မြမြစိမ်း(ဘ)ဦးချမ်ရုန်ကျိန်(ခ)သိန်းအောင်(၁/မကန(နိုင်)၀၀၀၁၁၉)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်နံပါတ်(၂၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ကေ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးနေဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ× ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းစိုး(ဘ)ဦးအောင်ချူ(၈/ရစက(နိုင်)၀၈၀၆၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများအားလုံးကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၄၇)၊ ဦးပိုင်နံပါတ်(၃၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ကေ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးညွန့်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းရီ(ဘ)ဦးမောင်ပု(၁/ကမန(နိုင်)၀၂၁၅၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်နံပါတ်(၁၁၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ကေ အကျယ်အဝန်းရှိ ဦးကျော်စိန်း(ခ)ဦးကျော်စိမ်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်နီလာရွှေ(ခ)ဒေါ်လီလာဗတီ(ဘ)ဦးဟာရီစရစ်ရှာ(ခ)ဦးအေးရွှေ(၉/မနတ(နိုင်)၀၀၇၄၇၁)နှင့် ဒေါ်မာလာရွှေ(ဘ) ဦးဟာရီစရစ်ရှာ(ခ)ဦးအေးရွှေ(၉/ခအဇ(နိုင်)၀၀၅၃၁၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်နံပါတ်(၁၀၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ကေ အကျယ်အဝန်းရှိ ဦးတင်ကိုကို အမည်ဖြင့် မြေနေရာချထာပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှရီ(ဘ)ဦးမောင်လှ(၉/ခအဇ(နိုင်)၀၀၆၉၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၁)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀ ဒသမ ၀၄၄၉)ကေ အကျယ်အဝန်းရှိသော ဒေါ်မမ၊ ဦးခင်မောင်အေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၈-၁-၂၀၂၅)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အမွေဆက်ခံစာချုပ်အမှတ်(၅၅/၂၀၂၅)အရ တရားဝင်ပိုင်ဆိုင်သူ ဦးခင်မောင်အေး(ဘ)ဦးလှမောင် (၉/မရမ(နိုင်)၀၅၉၉၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၃)၊ ဦးပိုင်အမှတ်(၂၀-ဋ)၊ ဧရိယာ(၀ ဒသမ ၀၃၆၇)ကေ အကျယ်အဝန်းရှိသော ဦးခင်မောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပါဝါမီတာ၊ လျှပ်စစ်မီတာ၊ ရေမီတာ၊ အဝီစိတွင်း (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်မိုးနန္ဒာအေး(ဘ)ဦးခင်မောင်လတ်(၉/အမဇ(နိုင်)၀၂၀၉၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

❖ NCA ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။...

( ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့တို့ကို ဆက်သွယ်ထားသည့် ရောဝတီတံတား(ရတနာသိခ်) နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့အား ပြန်လည်သိမ်းပိုက်ရရှိရေး အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင်လည်း မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် ယင်းဒေသတစ်ဝိုက်အား ထပ်မံ၍ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် အဆိုပါဒေသအား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အမြဲကသွားလာအသုံးပြုလျက်ရှိသည့် လမ်း/တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင်လည်း မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့တို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏

စာမျက်နှာ ၈ သို့ ✭



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရောဝတီတံတား (ရတနာသိခ်)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

# AFF U19/U16 Boys Futsal Championship 2025 ပြိုင်ပွဲအတွက် ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

AFF U19/U16 Boys Futsal Championship 2025 သတင်းစာရှင်းလင်းပွဲ အခမ်း ပြိုင်ပွဲအတွက် ပြိုင်ပွဲအကြို အနားကို ယနေ့ မွန်းလွဲပိုင်းက




ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်း နည်းပြ ဦးကျော်စိုးမိုးနှင့် မြန်မာ့လက်ရွေးစင် ယူ-၁၆ ဖူဆယ်အသင်း နည်းပြ ဦးကျော်ဇင်ညွန့်တို့က တက်ရောက်ဖြေကြားခဲ့ကြသည်။

ဦးကျော်စိုးမိုး (နည်းပြချုပ်-မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်း)က "ဒီပြိုင်ပွဲကို ကျွန်တော်တို့ရဲ့ ယူ-၁၉ ဖူဆယ်လိဂ်က ကစားသမားတွေနဲ့ လေ့ကျင့်ပြင်ဆင်ခဲ့ပြီး လေ့ကျင့်ချိန် တစ်လခွဲလောက် ရခဲ့ပါတယ်။ အကောင်းဆုံး ပြင်ဆင်ထားသလို ကစားသမားတွေရဲ့ စွမ်းဆောင်ရည်တွေကိုလည်း ယုံကြည်မှုရှိပါတယ်။ ဒီပြိုင်ပွဲက လူငယ်တွေအတွက် အတွေ့အကြုံကောင်းတွေရရှိမယ့် ပြိုင်ပွဲတစ်ခုပါ။ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးကြိုးစားပြီး ဆုတံဆိပ် တစ်ခုခု ရရှိအောင် ကြိုးစားသွားပါမယ်" ဟု ပြောသည်။

ဦးကျော်ဇင်ညွန့်(နည်းပြချုပ်-မြန်မာ့လက်ရွေးစင် ယူ-၁၆ ဖူဆယ်အသင်း)က "ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲမတိုင်မီ ပြင်ဆင်ချိန် နှစ်လနီးပါး ရခဲ့ပါတယ်။ ဒီကာလအတွင်းမှာ ကစားသမားတွေရဲ့ ကြံ့ခိုင်မှု၊ အခြေခံနည်းစနစ်တွေကို ပြင်ဆင်ထားပါတယ်။ ဒီပြိုင်ပွဲမှာ ပွဲရဲ့ရလဒ်က အဓိက မဟုတ်ဘဲ ကစားသမားတွေကို နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံတွေ ရစေချင်တာပါ။ သူတို့ရဲ့ တိုးတက်မှုက အနာဂတ်မှာ လက်ရွေးစင်အသင်းအတွက် အထောက်အကူပြုမှာပါ" ဟု ပြောသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် လာမည့် ဒီဇင်ဘာ ၂၄ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ယနေ့တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ